
mgyoe.com SAMPLE BOOK

# အောက်မြန်မာပြည်
# လက်ဝယ်ထားပိုင်ခွင့်ရမြေအကြောင်း
# သိကောင်းစရာ

# Lower Burma
# Landholder's Right

ဦးဇော်မင်း(နတ်မောက်)




mgyoe.com SAMPLE BOOK

### ဤစာအုပ်တွင်–

မြေရှင်ဆိုင်ရာပိုင်ခွင့်ရှိသော လက်ဝယ်ထားပိုင်ခွင့်ရမြေများကို အောက်မြန်မာပြည်တွင် ခွင့်ပြု သတ်မှတ်မှုနှင့် မြေစာရင်းဌာနက ယင်းအပိုင်မြေများကို (၁–က) ဦးပိုင်မှတ်ပုံတင် စာရင်း (LA Register) ၌ မည်သည့်အကြောင်းရင်းများအရ မှတ်သား ရေးသွင်းရသည်နှင့် မြေပိုင်ဆိုင်ခွင့်၊ လက်ရှိထားခွင့်များ ပြောင်းလဲမှုကို လက်ရှိနေ့အထိ မှန်ကန်စေရန် မြေစာရင်းဌာနက ပြင်ဆင်ရေးသွင်းရသည့်အကြောင်းများကို မြို့မြေ စီမံခန့်ခွဲမှု ပြုနေကြသည့် အတွေ့တွေ့အုပ်ချုပ်ရေးဦးစီးဌာန အရာရှိများနှင့် မြို့မြေပိုင်ဆိုင်မှုစာရင်း၊ ဦးပိုင်မှတ်ပုံစာရင်းများ၊ ပြောင်းလွှဲမှုများကို မှန်ကန်အောင် မှတ်သားထိန်းသိမ်းရသော မြေစာရင်း အရာရှိများ သဘောပေါက် နားလည်စေရန်–

- အောက်မြန်မာပြည်ရှိ လက်ဝယ်ထားပိုင်ခွင့်ရမြေ (Landholder's Right) များ အကြောင်းနှင့် ပိုင်ဆိုင်ခွင့် လွှဲပြောင်းမှုများ မှတ်တမ်းတင်ခြင်း။
- မြို့မြေ/ရွာမြေအတွင်း လက်ရှိထားပိုင်ခွင့်ရ အခွင့်အရေး ရရှိခြင်း။
- LHR ရသူများ၏ ပိုင်ဆိုင်ခွင့် အပြောင်းအလွှဲ၊
- မြေပိုင်ဆိုင်ခွင့် အမျိုးအစားများ (Kinds of Tenure)
- Y to Y Lease များ၏ ပြောင်းလဲမှု ရေးသွင်းခြင်းမှတ်တမ်း နမူနာ

စသည်ဖြင့် အခန်းကြီး ၁၁ ခန်း ခွဲခြားလျက် ရှင်းလင်း ဖော်ပြထားပါသည်။




ISBN 978-99986-0-159-8

WISDOM HOUSE

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- ၁၈၇၆ အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေ၌ မြေအားလုံးကို အစိုးရပိုင်အဖြစ်သာ သဘောထားပြီး မြေပိုင်ဆိုင်ခွင့်ကို မြေပိုင်ရှင် အခြေအနေအရ ပိုင်ဆိုင်ခွင့် (လက်ရှိထားပိုင်ခွင့်) နှင့် အပိုင်ဂရန် ပိုင်ဆိုင်ခွင့်ဟု ပိုင်ဆိုင်ခွင့် အမျိုးအစား နှစ်မျိုးနှင့် ပိုင်ဆိုင်ခွင့် မရနိုင်သော မြေများအဖြစ် အငှားဂရန်မြေ၊ အခွင့်အမိန့်မရဘဲ ကျူးကျော်ဝင်ရောက်လုပ်ကိုင်သောမြေများဟု ခွဲခြားသတ်မှတ်ပေးထားပါသည်။ မြေပိုင်ဆိုင်ခွင့်ပေးခြင်းအတွက် အစိုးရမြေကို အပိုင်ဂရန် (Grant) လျှောက်ထား ရယူစေ၍ ပိုင်ဆိုင်စေနည်းနှင့် မြေရှင် အခြေအနေဆိုင်ရာ (Land Holder's Right) လက်ဝယ်ထားရှိ ပိုင်ဆိုင်ခွင့်ပေးခြင်း ဖြစ်ပါသည်။

*မြေပိုင်ဆိုင်ခွင့်ရှိသော လက်ဝယ်ထားရှိပိုင်ခွင့်ရမြေ (Land Holder's Right) များနှင့်*<br>*ယင်းမြေများ၏ ပိုင်ဆိုင် အကျိုးခံစားခွင့် လွှဲပြောင်းမှုများအား*<br>*၁-က စာရင်းတွင် မှတ်တမ်းတင်ပေးရျှ* **မှ**

- ခေတ်၊ စနစ်နှင့် ဆီလျော်စွာ မပြင်ဆင်သည့်အခါ (မပြုနိုင်သည့်အခါ) လက်တွေ့ဖြစ်ရပ်များနှင့် ဥပဒေ ပြဋ္ဌာန်းချက်ပါ စကားရပ်များ ကွာဟလာတတ်ပါသည်။ ဥပဒေ စကားရပ်ကိုသာ ဒန်သေယူ ဖွင့်ဆိုပါက အမှုသည်များ၌ နစ်နာမှုများ ကြုံရတတ်သည်ကိုလည်း တွေ့ရသည်။ ဥပမာအားဖြင့် ၂၀၁၂ လယ်ယာမြေ ဥပဒေ ပြဋ္ဌာန်းစဉ်က လယ်ယာမြေ လုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းများအတွက် ပုဒ်မ ၁၈ ပါ ဒေသန္တရ တန်ဖိုးဖြတ်အဖွဲ့ကို ဗဟိုလယ်စီက ဥပဒေ ပြဋ္ဌာန်းချက်အတိုင်း တာဝန်ပေး ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသော်လည်း မဆောင်ရွက်ခဲ့ပါ။ ၂၀၁၉ ရောက်မှသာ ညွှန်ကြားချက် (၂/ ၂၀၁၉) ဖြင့် ညွှန်ကြား၍ လယ်ယာမြေ လုပ်ပိုင်ခွင့် လွှဲပြောင်းမှုများအတွက် စာချုပ်ချုပ်ဆို မှတ်ပုံတင်ရန် လုပ်ငန်းလမ်းညွှန်ချက်များကို ဆက်လက်ညွှန်ကြားမှုအရ လယ်ယာမြေ ဥပဒေ ပုဒ်မ ၉ (ခ) ပါ အခွင့်အရေးများကို ၂၀၁၉ မေလ ၁၆ ရက် နောက်ပိုင်းတွင်မှ တောင်သူများ တရားဝင် ခံစားခွင့် ရလာပါသည်။

*မြို့မြေ/ရွာမြေအတွင်း လက်ရှိထားပိုင်ခွင့်ရ အခွင့်အရေး ရရှိခြင်း* **မှ**

mgyoe.com

mgyoe.com SAMPLE BOOK

- အင်္ဂလိပ်-မြန်မာ ပထမစစ်၊ ဒုတိယစစ်များ၌ ရခိုင်၊ တနင်္သာရီ၊ ပဲခူးဒေသ အောက်မြန်မာပြည် အပိုင်းသည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားသည်နှင့် မရွေးမနှောင်းပင် မြေခွန်များ စတင်စည်းကြပ်ပါသည်။ ကြေးတိုင်ဌာနခွဲနှင့် မြေစာရင်းဌာနခွဲအား လယ်ယာမြေများကို မြေခွန် စည်းကြပ်နိုင်ရန် တည်ထောင်ဖွဲ့စည်း ဆောင်ရွက်ပါသည်။ ဤနေရာ၌ သတိပြုရန်မှာ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေ (၁၈၉၈) မပြဋ္ဌာန်းမီကပင် ကြေးတိုင်လုပ်ငန်းရပ်များနှင့် မြေစာရင်းဌာန၏ လုပ်ငန်းရပ်များ စတင်တည်ရှိနေပြီး ဖြစ်ပါသည်။

*မြေပိုင်ဆိုင်ခွင့် အမျိုးအစားများ (Kinds of Tenure) မှ*

- အမည်ပေါက်သူသည် မြေပိုင်ရှင် ဖြစ်ချင် ဖြစ်နိုင်သကဲ့သို့ အပေါင်ခံရရှိထားသူလည်း ဖြစ်နိုင်ပါသည်။ အစိုးရမြေကို အငှားရရှိထားသူလည်း ဖြစ်နိုင်သလို အခွင့်အမိန့်မရဘဲ ကျူးကျော်အသုံးပြုနေသဖြင့် မြေခွန်စည်းကြပ်ခံရသူလည်း ဖြစ်နိုင်ပါသည်။ မြေကွက်ဦးပိုင်များ၏ အမည်ပေါက်နေမှု တစ်နည်းအားဖြင့် အခွန်စည်းကြပ်ခံရမည့်သူအဖြစ်လည်းကောင်း၊ လက်ရှိထားသူအဖြစ်လည်းကောင်း ဦးပိုင်မှတ်ပုံတင်စာရင်း 1.A စာတိုင် (၁) ၌ ရေးသွင်း ဖော်ပြထားသူအား မြေစာရင်းဌာနမှ အရာရှိများ၊ လက်အောက်ဝန်ထမ်းများက မိမိတို့သဘောအလျောက် ရေးသွင်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း လုံးဝ မပြုလုပ်နိုင်ပါ။

*အောက်မြန်မာပြည်၌ ပိုင်ဆိုင်ခွင့်ရမြေများနှင့် မြေယာမှတ်တမ်း မှ*

- တည်ဆဲဥပဒေ တစ်ရပ်ရပ်ဖြင့် ငြိစွန်း၊ အစိုးရကို ဆန့်ကျင်၊ သစ္စာဖောက်၊ မူးယစ်ဥပဒေ၊ တရားမဝင်ငွေကြေးဖြင့် ပစ္စည်းလွှဲပြောင်းရရှိမှုတို့အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူသောမြေများနှင့် ၁၉၆၃ ခုနှစ် လုပ်ငန်းများ ပြည်သူပိုင်သိမ်းရာ၌ ပါလာသော လုပ်ငန်းတည်ရှိရာမြေများအတွက် ၁-က တွင် ပြင်ဆင်ပြောင်းလဲရန်ကိစ္စမှာမူ ရှိရင်းစွဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ လိုက်နာရန် အခက်အခဲများ ရှိခဲ့ပါသည်။

*၁-က စာရင်း၌ မှတ်သားခြင်းဆိုင်ရာ ကန့်သတ်ချက်များ မှ*

- တရားရုံးများ၏ စီရင်ချက်များနှင့် မိမိတို့ မြေယာစီမံခန့်ခွဲမှုအမိန့်များ တစ်ခါတစ်ရံ ဖီလာဖြစ်တတ်ကြသည်ကို တွေ့ရပါသည်။ တရားရုံးများ၏ စီရင်ချက်အချို့တွင် ပါရှိသော မြေယာပိုင်ဆိုင်မှု၊ အမည်ပေါက်မှု၊ မြေလုပ်ကိုင်ခွင့်ပြုမှုများအတွက် သုံးသပ် ယူဆချက်နှင့် မြေယာစီမံသူများ၏ မြေယာလုပ်ပိုင်ခွင့် ဆုံးဖြတ်ချက် သဘောသဘာဝများ ထပ်တူမကျကြပါ။ မိမိ၏ အမြင်အရဆိုမူ တရားရုံးများသည် ဆိုင်ရာဌာနများ၏ လက်တွေ့ မြေယာ စီမံခန့်ခွဲနေရသည့် မူဝါဒများနှင့် အောက်ခြေ ပကတိဖြစ်စဉ်များ၊ ခေတ်ကာလ အခြေအနေ ပြောင်းလဲမှုအရ သီးခြားညွှန်ကြားချက်များဖြင့် စီမံဖြေရှင်းနေရမှုများ ရှိသည်ကို ထည့်သွင်းစဉ်းစားလေ့ မရှိပါ။ အများအားဖြင့် ဥပဒေပြဋ္ဌာန်းချက်ပါ စကားလုံးနှင့် စကားရပ်များကိုသာ အားကိုးအားထားပြု သုံးသပ်လေ့ရှိသည်ဟု ထင်မြင်ပါသည်။

*လက်ဝယ်ထားပိုင်ခွင့်ရမြေများ၏ ပိုင်ဆိုင်အကျိုးခံစားခွင့် လွှဲပြောင်းမှုကို*
*ဦးပိုင်ရာဇဝင် (၁-က) ၌ ဖော်ပြထားခြင်းအပေါ်*
*တရားရုံး စီရင်ချက်တစ်ရပ်အား သုံးသပ်ရှုမြင်ချက် မှ*

mgyoe.com

mgyoe.com SAMPLE BOOK

WISDOM HOUSE
စာအုပ် (၂၇၄)

# အောက်မြန်မာပြည်
# လက်ဝယ်ထားပိုင်ခွင့်ရမြေအကြောင်း
# သိကောင်းစရာ

## ဦးဇော်မင်း (နတ်မောက်)

WISDOM HOUSE
၀၉ ၂၅၄၁၄၈၅၆၈၊ ၀၉၉၁ ၅၀၅၈၅၇၇၇၊ ၀၉ ၄၃၀၄၁၈၅၇၇၊
Viber No. 09 2541 48568။
Wisdom House Publishing Facebook Page ကို
@wisdomhousepublishing ဖြင့် ရှာဖွေကြည့်ရှုနိုင်ပါသည်။
https://www.facebook.com/wisdomhousepublishing/

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ပထမအကြိမ် | ဖေဖော်ဝါရီလ၊ ၂၀၂၄ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက် (မြဲ - ၀၀၄၇၁)<br>အခန်း (၁၀၁)၊ တိုက် (၅၆)၊<br>အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း<br>ကာလာဇုန်ပုံနှိပ်တိုက် (မြဲ - ၀၀၁၄၂)၊<br>အမှတ် (၁၈၄)၊ (၃၁) လမ်း (အထက်)၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးငွေး |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| **တန်ဖိုး** | **ကျပ် ၁၅၀၀၀** |

၃၄၀

ဇော်မင်း၊ ဦး၊ (နတ်မောက်)

အောက်မြန်မာပြည် လက်ဝယ်ထားပိုင်ခွင့်ရမြေအကြောင်း သိကောင်းစရာ / ဦးဇော်မင်း (နတ်မောက်)

- ရန်ကုန်၊ Wisdom House စာအုပ်တိုက်၊ ၂၀၂၄။

၁၉၆- စာ၊ ၁၈. ၅ x ၂၆ စင်တီ။

(၁) အောက်မြန်မာပြည် လက်ဝယ်ထားပိုင်ခွင့်ရမြေအကြောင်း သိကောင်းစရာ (ပထမအကြိမ်)

mgyoe.com

mgyoe.com SAMPLE BOOK

## ဦးဇော်မင်း (နတ်မောက်)

အဖ နတ်မောက်ဦးဘုန်းကျော်၊ အမိ ဒေါ်အေးရီ (ညီညက်) တို့မှ ရန်ကုန်မြို့ စမ်းချောင်းရပ်တွင် ၁၉၅၂ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မူလတန်းနှင့် အလယ်တန်းပညာများကို မြို့မ အမျိုးသား အထက်တန်းကျောင်း [အထက (၂)၊ ဒဂုံ]၊ အထက်တန်းပညာကို အထက (၂) ကြည့်မြင်တိုင်နှင့် အထက (၁) တာမွေတို့တွင် သင်ယူခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ (ဓာတုဗေဒ) ရရှိသည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် ယဉ်မင်းလတ် (ရန်ကုန်တက္ကသိုလ်)၊ ကိုဇော် (နတ်မောက်) ကလောင်အမည်တို့ဖြင့် ဝတ္ထုများ စတင်ရေးသားခဲ့ပြီး ၁၉၇၄ တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွင် ရေးသားခဲ့သော *စိမ့်မြိုင်က စောင်းသမား* ဝတ္ထုတိုကို ဒါရိုက်တာ မောင်တင်ဦးနှင့် ၁၉၇၆ ၌ ရုပ်ရှင် ရိုက်ကူးခဲ့သည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ရာထူးဖြင့် ၁၉၇၆ တွင် ဝင်ရောက် အမှုထမ်းသည်။ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ခရိုင်မြေစာရင်းဦးစီးမှူးအဖြစ် နမ့်ခမ်း၊ ဖျာပုံ၊ ကျိုက်လတ်မြို့နယ်တို့တွင်လည်းကောင်း၊ ဗဟိုမြေယာကော်မတီ (ရှင်းလင်းရေး) ဌာနခွဲ၊ လယ်ယာသန်းခေါင်စာရင်း စီမံကိန်းရုံးနှင့် အောက်မြန်မာပြည် ကြေးတိုင်ဦးစီးဌာနများတွင်လည်းကောင်း၊ ဖျာပုံခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်တို့တွင်လည်းကောင်း အမှုထမ်းခဲ့သည်။

၂၀၀၅ ခုနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်မြေစာရင်းဦးစီးဌာန၌ ဒုတိယ ပြည်နယ် ဦးစီးမှူး၊ ၂၀၀၆ ခုနှစ်တွင် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန (ရုံးချုပ်) မြေယာစီမံဌာနခွဲ၌ ဒုတိယ ညွှန်ကြားရေးမှူး၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးတာဝန်တို့ ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ နိုဝင်ဘာလတွင် သက်ပြည့် အငြိမ်းစားယူခဲ့သည်။

၁၉၉၀-၁၉၉၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ လယ်ယာသန်းခေါင်စာရင်း ဘာသာရပ်များကို F.A.O Fellowship Program ဖြင့် သွားရောက်သင်ကြားခဲ့သည်။ ၂၀၀၇ နှင့် ၂၀၁၀ ပြည့်နှစ်များတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ဌာနတာဝန်ဖြင့် လေ့လာရေး သွားရောက်ခဲ့သည်။

အငြိမ်းစား ယူခဲ့ပြီးနောက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးတွဲ၍ တောင်သူအသိအမြင်ဖွင့် မြေယာဥပဒေသင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို နယ်လှည့်ဆောင်ရွက်ရင်း မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် မြေယာစီမံခန့်ခွဲမှု ပညာပေး ဆောင်းပါးများကို ကိုဇော် (နတ်မောက်) ကလောင်အမည်ဖြင့် စာနယ်ဇင်းများတွင် ရေးသားတင်ပြ လျက်ရှိသည်။

Wisdom House စာအုပ်တိုက်မှ ၂၀၁၆ ခုနှစ်တွင် 'မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချရေးဆိုင်ရာ သိကောင်းစရာများ'၊ 'ဘိုးဘပိုင်မြေများနှင့် လယ်ယာမြေ ဥပဒေဆိုင်ရာ ပြဿနာများ'၊ ၂၀၁၈ ခုနှစ်တွင် 'မြေခွန်တော်၊ မြေပိုင်ဆိုင်မှုနှင့် မြေယာဆိုင်ရာ သိမှတ်ဖွယ်ရာများ' စာအုပ်တို့ကို ရေးသား ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


## အသိပေး ကြေညာခြင်း

Wisdom House စာအုပ်တိုက်က ထုတ်ဝေသော စာအုပ်များကို တစ်အုပ်လုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မိတ္တူကူးယူ၍ ရောင်းချခြင်းကိုလည်းကောင်း၊ မီဒီယာများပေါ်တွင် အီးဘုတ် (E-book) ပြုလုပ်ရောင်းချခြင်းကို လည်းကောင်း၊ YouTube Channel, Facebook အစရှိသည်တို့တွင် အသံစာအုပ်အဖြစ် ထုတ်လွှင့်ခြင်းကိုလည်းကောင်း ခွင့်ပြုထားခြင်း လုံးဝမရှိကြောင်းအသိပေးအပ်ပါသည်။ ထိုသို့ ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် မူပိုင်ခွင့် ချိုးဖောက်ပါက ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်မည် ဖြစ်ကြောင်း မမှန်ကန်သော နည်းလမ်းဖြင့် စီးပွားဖြစ် လုပ်ကိုင်နေသူများ သိရှိစေရန် ကြေညာအပ်ပါသည်။

စာဖတ်သူများကို လေးစားလျက်
Wisdom House စာအုပ်တိုက်


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | |
|---|---|
| ❑ အမှာစာ | က |
| ၁။ အောက်မြန်မာပြည်ရှိ လက်ဝယ်ထားပိုင်ခွင့်ရမြေ (Landholder's Right) များအကြောင်းနှင့် ပိုင်ဆိုင်ခွင့် လွှဲပြောင်းမှုများ မှတ်တမ်းတင်ခြင်း | ၁ |
| ၂။ မြို့မြေ/ရွာမြေအတွင်း လက်ရှိထားပိုင်ခွင့်ရ အခွင့်အရေး ရရှိခြင်း | ၁၃ |
| ၃။ LHR ရသူများ၏ ပိုင်ဆိုင်ခွင့် အပြောင်းအလွဲ | ၂၀ |
| ၄။ မြေပိုင်ဆိုင်ခွင့် အမျိုးအစားများ (Kinds of Tenure) | ၂၉ |
| ၅။ Y to Y Lease များ၏ ပြောင်းလဲမှု ရေးသွင်းခြင်းမှတ်တမ်း နမူနာ | ၃၉ |
| ၆။ မြေပိုင်ဆိုင်ခွင့်ရှိသော လက်ဝယ်ထားရှိပိုင်ခွင့်ရမြေ (Landholder's Right) များနှင့် ယင်းမြေများ၏ ပိုင်ဆိုင် အကျိုးခံစားခွင့် လွှဲပြောင်းမှုများအား ၁-က စာရင်းတွင် မှတ်တမ်းတင်ပေးရမှု | ၅၂ |
| ၇။ LHR အခွင့်အရေး ရရှိမှု စိစစ်ချက် | ၆၁ |
| ၈။ အောက်မြန်မာပြည်၌ ပိုင်ဆိုင်ခွင့်ရမြေများနှင့် မြေယာမှတ်တမ်း | ၇၁ |
| ၉။ ၁-က မှတ်ပုံစာရင်းတွင် မှတ်သားခြင်းနှင့် ပိုင်ဆိုင်ခွင့် ပြောင်းလွှဲခြင်း | ၉၄ |
| ၁၀။ ၁-က စာရင်း၌ မှတ်သားခြင်းဆိုင်ရာ ကန့်သတ်ချက်များ | ၁၀၉ |
| ၁၁။ လက်ဝယ်ထားပိုင်ခွင့်ရမြေများ၏ ပိုင်ဆိုင်အကျိုးခံစားခွင့် လွှဲပြောင်းမှုကို ဦးပိုင်ရာဇဝင် (၁-က) ၌ ဖော်ပြထားခြင်းအပေါ် တရားရုံး စီရင်ချက်တစ်ရပ်အား သုံးသပ်ရှုမြင်ချက် | ၁၂၁ |
| ၁၂။ လက်ဝယ်ထားရှိပိုင်ခွင့်ရမြေ (Landholder's Right) များ၏ လွှဲပြောင်းမှုများကို စာရင်းပေးပို့ မှတ်တမ်းတင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များ | ၁၃၅ |
| ❑ ကျမ်းကိုးစာရင်း | ၁၈၀ |


mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ယခု ထုတ်ဝေသည့် 'အောက်မြန်မာပြည် လက်ဝယ်ထားပိုင်ခွင့်ရမြေအကြောင်း သိကောင်းစရာ' (Lower Burma Landholder's Right) စာအုပ်သည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဆိုရှယ်မီဒီယာတွင် အခန်းဆက် ရေးသားတင်ပြခဲ့သော အောက်မြန်မာပြည်၏ မြေပိုင်အခွင့်အရေးရမြေ (Proprietary tenure) ဖြစ်သည့် Landholder's Right မြေများဆိုင်ရာ စာတမ်းများကို ပြန်လည်စုစည်း ထုတ်ဝေခြင်း ဖြစ်ပါသည်။

အဆိုပါ အကြောင်းအရာကို ရွေးချယ် ရေးသားမိခြင်းအတွက် ဆရာဦးမောင်မောင်ညွန့်ကို ကျေးဇူးတင်ရပါမည်။ သတင်းစာတစ်ခုတွင် အပိုင်မြေများ (၁-က) မှတ်ပုံတင်စာရင်း၌ အမည်ပြောင်းလဲမှတ်သားရန် လျှောက်ထားခြင်းအတွက် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကန့်ကွက်လွှာ ခေါ်ယူသော နို့တစ်ကြော်ငြာတစ်ခုအပေါ် ဆရာညွန့်ရေးသားလိုက်သော ပို့ (Post) တစ်ခုကို အကြောင်းပြု၍ အခွင့်ရမြေများ (Landholder's Right) အကြောင်း ရေးသားမိခြင်း ဖြစ်ပါသည်။ မြေရှင်ဆိုင်ရာဆိုင်ခွင့်ရှိသော လက်ဝယ်ထားပိုင်ခွင့်ရမြေများကို အောက်မြန်မာပြည်တွင် ခွင့်ပြု သတ်မှတ်မှုနှင့် မြေစာရင်းဌာနက ယင်းအပိုင်မြေများကို (၁-က) ဦးပိုင်မှတ်ပုံတင်စာရင်း (1.A Register) ၌ မည်သည့်အကြောင်းရင်းများအရ မှတ်သား ရေးသွင်းရသည်နှင့် မြေပိုင်ဆိုင်ခွင့်၊ လက်ရှိထားခွင့်များ ပြောင်းလဲမှုကို လက်ရှိနေ့အထိ မှန်ကန်စေရန် မြေစာရင်းဌာနက ပြင်ဆင် ရေးသွင်းရသည့်အကြောင်းများကို မြို့မြေ စီမံခန့်ခွဲမှု ပြုနေကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အရာရှိများနှင့် မြို့မြေပိုင်ဆိုင်မှုစာရင်း ဦးပိုင်မှတ်ပုံစာရင်းများ၊ ပြောင်းလွှဲမှုများကို မှန်ကန်အောင် မှတ်သားထိန်းသိမ်းရသော မြေစာရင်း အရာရှိများ သဘောပေါက် နားလည်စေရန် ရေးသား ရှင်းလင်းခဲ့ခြင်း ဖြစ်ပါသည်။

မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု အမျိုးအစားများ သတ်မှတ်ခြင်း၊ အမျိုးအစားအလိုက် အခွင့်အရေးများ သတ်မှတ်ခွင့်ပြုခြင်း၊ ပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းများအတွက် ကိုလိုနီခေတ်ကပင် ပြဋ္ဌာန်းခဲ့သော အောက်မြန်မာပြည် မြေနှင့်အခွန် ဥပဒေ၊ အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း၊ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေပါ အချက်များအရ



mgyoe.com

mgyoe.com SAMPLE BOOK

လည်းကောင်း၊ မြေယာအုပ်ချုပ်ခြင်းနှင့် မြေယာမှတ်တမ်းတင်ခြင်း၊ ပိုင်ဆိုင်ခွင့် လွှဲပြောင်းမှုကို မှတ်ပုံစာရင်းတွင် ရေးသွင်းပြင်ဆင်ခြင်းအတွက် မြန်မာနိုင်ငံ မြေစာရင်းလက်စွဲ ဥပဒေ ပြဋ္ဌာန်းချက်များဖြင့်လည်းကောင်း ဆောင်ရွက်လာခဲ့ပါသည်။ ပိုင်ဆိုင်ခွင့်ရမြေ အမျိုးအစားများအတွက် Burma Land Records Manual para 1171 (မြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၁၁၇၁) တွင် "In Lower Burma there are only two forms of proprietary tenure, (i) Landholder right, and (ii) Gurantee right. Non-proprietary tenures are (i) Leasehold, and (ii) Squatter. In Upper Burma the primary division of all lands is into (i) State land, and (ii) non-State land." အောက်မြန်မာပြည်တွင် ပိုင်ဆိုင်ခွင့်ရမြေများသည် (၁) မြေပိုင်ရှင် အခြေအနေ ရရှိသော လက်ဝယ်ထားပိုင်ခွင့်ရမြေနှင့် (၂) အပိုင်ဂရန် ရရှိသောမြေဟု ပိုင်ဆိုင်ခွင့် နှစ်မျိုးသာ ရှိ၍ ပိုင်ဆိုင်ခွင့် မရနိုင်သော မြေများသည် (၁) အငှား ဂရန်မြေနှင့် (၂) အစိုးရမြေတွင် အခွင့်မရဘဲ ကျူးကျော်ဝင်ရောက် လုပ်ကိုင်သောမြေများ ဟူ၍လည်းကောင်း၊ အထက်မြန်မာပြည်တွင်အရာတော်မြေနှင့် အစိုးရမြေတွင် မပါဝင်သော ပုဂ္ဂလိကပိုင်မြေများ (ဘိုးဘပိုင်မြေများ) ဟု နှစ်မျိုးသာ ရှိသည်ဟုလည်းကောင်း ဖွင့်ဆိုထားချက်အရ အောက်မြန်မာပြည်တွင် proprietary tenure ပိုင်ဆိုင်ခွင့်ရမြေမှာ လက်ဝယ်ထားပိုင်ခွင့်ရမြေ LHR နှင့် 'အပိုင်ဂရန်ရမြေ'တို့ဖြစ်ပြီး အထက်မြန်မာပြည်တွင် proprietary tenure ပိုင်ဆိုင်ခွင့်ရမြေသည် Non-Stateland (ဘိုးဘပိုင်မြေ) ဖြစ်ပါ သည်။ ထိုအထဲက အောက်မြန်မာပြည်ရှိ Landholder's Right ရမြေများကို အဓိက ဖွင့်ဆိုရှင်းပြ ရေးသားခြင်း ဖြစ်ပါသည်။

မြေများကို အမျိုးအစားခွဲ၍ စီမံခန့်ခွဲခွင့်များ အပ်နှင်းထားပါသည်။ မြို့မြေအတွင်း အခြေခံအားဖြင့် အဓိက မြေအမျိုးအစား ၃ မျိုး (Devided into 3 Classes in Town land ရှိနေပါသည်။ (မြို့တော်စည်ပင်သာယာရေးကော်မတီများက မြေစီမံသော ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်၊ နေပြည်တော်နယ်မြေများက ခြွင်းချက် ဖြစ်ပါသည်။)

(၁) အစိုးရကိုယ်စား ကော်လိတ်တော်အရာရှိများ စီမံခန့်ခွဲရသည့် မြို့မြေအတွင်း အစိုးရက စီမံချထားနိုင်သောမြေ Land at the disposal of Government ၊ (LBTVL section 4(2), section 16, and rule 6.)

(၂) ဈေး၊ အားကစားကွင်းနှင့် ပန်းခြံ၊ ရုပ်ရှင်ရုံ၊ ကားဂိတ်၊ ကူးတို့ဆိပ်၊ သားသတ်ရုံ စသည့် မြို့ရွာ ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် local body ဖြစ်သည့် မြို့ကော်မတီ၊ ဒီစတြိတ်ကောင်စီ၊ မြူနီစီပယ်အဖွဲ့များသို့ တည်ထောင်လွှဲအပ်ပေးထားသည့် Constituted Vested Land မြေ၊ ယင်းမြေမျိုးသည် ဒေသန္တရအဖွဲ့များပိုင်မြေအဖြစ် ယင်းအဖွဲ့များက စီမံမှုပြုရပြီး အစိုးရ (ကော်လိတ်တော်) က ဝင်ရောက်စီမံခြင်း၊ စွက်ဖက်ခြင်း မပြုရပါ။ constituted the property of a local body, the Government will exercise no interference.(LBTVL Appendix I para 3(2) and para 5.)

(၃) တတိယ အမျိုးအစားသည် ပိုင်ဆိုင်ခွင့် ပေးအပ်ထားသည့်မြေများ၊ မြေရှင်ဆိုင်ရာဆိုင်ခွင့် (landholder's right LHR) ရ မြေများ ဖြစ်သည်။ LBTVL ပုဒ်မ ၄ (၂)



mgyoe.com

mgyoe.com SAMPLE BOOK

(က) ဖွင့်ဆိုချက်အရ persons already have acquired LHR မြေရှင်ဆိုင်ရာဆိုင်ခွင့် ရပြီး မြေများသည် land at the disposal of Government မဟုတ်သည့်အတွက် အခွန်တော်အရာရှိ သို့တည်းမဟုတ် ကော်လိတ်တော်က LBTVL ဥပဒေ ပုဒ်မ ၁၆၊ နည်း ၆ အရ စီမံချထားပေးနိုင်သည့်မြေ မဟုတ်တော့ပါ။

အဆိုပါ အမျိုးအစား ၃ ရပ်သည် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များက ၎င်းတို့ကို အပ်နှင်းထားသည့် စီမံခန့်ခွဲခွင့်အရ မြေယာချထားမှု ပြုနိုင်ပါသည်။ ယင်းမြေများ၏ ပိုင်ဆိုင်မှု အပြောင်းအလဲများကိုမူ မြေစာရင်းဌာနက မှတ်တမ်းပြု ထိန်းသိမ်းရပါသည်။ Disposal Land ပေါ်က အပိုင်ဂရန်၊ အငှားဂရန်ချထားမှုများ၊ မြို့ကော်မတီ၊ ဒီစတြိတ်ကောင်စီ၊ မြူနီစီပယ်တို့သို့ တည်ထောင်လွှဲအပ်ထားမြေ (vested land) များပေါ်ရှိ ငှားရမ်းချထားမှုများ၊ မြေရှင်ဆိုင်ရာဆိုင်ခွင့်ရ LHR land စသည့် မြေအားလုံးပေါ်တွင် လက်ရှိထား အသုံးပြုနေသူများကို မှတ်တမ်းတင်သည့် Record of Possession မြို့မြေပိုင်ဆိုင်မှုစာရင်းများကို LBTVL အက်ဥပဒေ အခန်း (၈)၊ ပုဒ်မ ၂၈ အရ for every towns မြို့တိုင်းအတွက် Roll of Town Lands TLR ပြုစုထားရပါသည်။ ဆိုလိုသည်က မြို့မြေအတွင်း ဂရန်မြေများ၊ ဒေသန္တရ အဖွဲ့အစည်းသို့ ပေးအပ်ထားမြေများ၊ LHR မြေရှင် ဆိုင်ရာဆိုင်ခွင့် ပိုင်ဆိုင်ခွင့်ရမြေများ အားလုံးအပေါ်တွင် လက်ရှိထား အသုံးပြုနေသူ being in possession အားလုံးကို Record of Possession စာရင်းဖြစ်သော Town Land Roll တွင် ရေးသွင်းထားရပါသည်။ TLR ပြုစုရန် အခြေခံလုပ်ငန်းက မြို့ကွက်အတွင်း မြေကွက်အလိုက် မြေတိုင်းတာ၍ ဦးပိုင်အလိုက်ကို tenure enquire မြေပိုင်ဆိုင်မှု စုံစမ်းစစ်ဆေး မှတ်တမ်းတင်ထားမှုမှတစ်ဆင့် TLR ပြုစုရခြင်းဖြစ်သည်။ TLR ရရှိလာရန်အတွက်-

(၁) မြို့မြေ တိုင်းတာထားမှု (Town land Block Survey) ရှိရပါမည်။ အဆိုပါ မြို့မြေအကွက်များ ကွက်စိတ် မြေတိုင်းတာမှု၌ ဦးပိုင် မြေကွက်များ၏ နယ်နိမိတ် သတ်မှတ်ပိုင်းခြားမှုများ၊ မြေပိုင်ဆိုင်မှုနည်းလမ်းများကို တရားဝင် စစ်ဆေး မှတ်တမ်းနိုင်ရန်အတွက် မြေနယ်သတ်ဥပဒေနှင့်အညီ Demarcation Officer နှင့် Boundary Officer များ ခန့်အပ် တာဝန်ပေးထားမှု ရှိရပါမည်။

(၂) ယင်းအရာရှိများသည် တိုင်းတာရရှိသော မြေပုံအရ ဦးပိုင် နယ်နိမိတ်များ ခွဲခြားသတ်မှတ်ခြင်း (Holding Marking)၊ ဦးပိုင်လိုက် မြေပိုင်ဆိုင်မှု စုံစမ်းစစ်ဆေး မှတ်တမ်းတင်ခြင်း (Tenure Enquire) ဆောင်ရွက်ရမည်။ ထိုမှတစ်ဆင့် TLR ရေးဆွဲမှုကို ဆောင်ရွက်ရပါသည်။

ထိုသို့ မြေပိုင်ဆိုင်ခွင့် စုံစမ်းမှုတွင် အစိုးရမြေများ၊ ဌာနဆိုင်ရာမြေများ၊ ဂရန်မြေများ၊ ကျူးကျော်မြေများနှင့်အတူ လက်ရှိထားပိုင်ခွင့် (LHR) ရရှိထားသည့် မြေများကိုပါ ရေးသွင်းမှတ်တမ်းတင်ရပါသည်။ TLR ကို ပြုစုပြီးပါက အမှုတွဲခန်းသို့ ဦးပိုင်နယ်နိမိတ်ပြမြေပုံနှင့်အတူ အမြဲပစ္စည်းအဖြစ် တင်သွင်းအပ်နှံရပြီး ပြင်ဆင်ဖြည့်စွက်ခြင်း မပြုရတော့ပါ။ TLR စာရင်းပါ ဦးပိုင်လိုက်အမည်ပေါက်များ၊ ပိုင်ဆိုင်ခွင့် အမျိုးအစားများကို မြေစာရင်းဌာန၏ ၁-က မှတ်ပုံ



mgyoe.com

mgyoe.com SAMPLE BOOK

စာရင်း၌ ကူးပြောင်းရေးသွင်း၍ ယင်းမြေကွက်အတွက် ပိုင်ဆိုင်ခွင့်ပြောင်းလွဲမှုများကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ၁-က မှတ်ပုံစာရင်းတွင် မြေစာရင်းဌာနက ပြင်ဆင် မှတ်သား ထိန်းသိမ်းရပါသည်။

အောက်မြန်မာပြည်ရှိ လက်ဝယ်ထားပိုင်ခွင့်ရမြေ (LHR) များသည် ဂရန်မြေများ၊ ဌာနမြေများ၊ ကျူးကျော်မြေများနှင့်အတူ ဦးပိုင် မှတ်ပုံစာရင်း (၁-က) တွင် ပါရှိပါသည်။ ဦးပိုင်များ၏ မြေနှင့်ဆိုင်ရာ အကျိုးစီးပွား ခံစားခွင့် အပြောင်းအလွဲ မှန်သမျှကို သက်ဆိုင်ရာ အခွန်တော်အရာရှိများ၊ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိများနှင့် တရားရုံးတို့က မြေစာရင်းဌာနသို့ အကြောင်းကြားရပါသည်။ မြေစာရင်းဌာနက မြေစာရင်းလက်စွဲ ဥပဒေ ပြဋ္ဌာန်းချက်များ၊ တည်ဆဲ အမြဲအမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင် မှတ်သားရပါသည်။

Grant၊ Lease၊ License များသည် Land at the disposal of Government အစိုးရက စီမံချထားနိုင်သောမြေကို အဆောက်အအုံ ဆောက်လုပ်ရန်ဖြစ်စေ၊ လူနေထိုင်ရန်ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်စေ နှစ်ကာလ သတ်မှတ်ချက်တစ်ခုအတွင်း စည်းကမ်းချက်များနှင့်အညီ အသုံးပြုစေရန် သက်ဆိုင်ရာ အခွန်တော်အရာရှိက စာချုပ်ချုပ်ဆို အငှားချထားခြင်း ဖြစ်ပါသည်။ ယင်းချထားမှုအရ မြေအသုံးပြုခွင့်ရသူကို ၁-က တွင် ပြင်ဆင်ရပါသည်။ အစိုးရက စီမံချထားနိုင်သော မြေများအတွက် ဖြစ်ပါသည်။ မြေရှင်ဆိုင်ရာဆိုင်ခွင့်ရရှိမြေများ၊ လက်ဝယ်ထားပိုင်ခွင့်ရ မြေများသည် Land at the disposal of Government မဟုတ်ပါ။ အစိုးရက စီမံချထားနိုင်သည့်မြေသည် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေ ပုဒ်မ ၄ (၂) (က) ၌ 'မည်သူတစ်စုံတစ်ယောက်မျှ မြေရှင်ဆိုင်ရာဆိုင်ခွင့်များကို မရသေးသည့်မြေများ' ဟု ဖွင့်ဆိုထားချက်အရ မြေရှင်ဆိုင်ရာဆိုင်ခွင့်ရမြေဖြစ်သော LHR များသည် Land at the disposal of Government မဟုတ်ပါ။ LHR မြေများကို အခွန်အရာရှိက ဂရန် မပေးရသဖြင့် ၁-က ရှိ ယင်းမြေများ၏ လွှဲပြောင်းမှုကို တရားရုံး၏ အမိန့်၊ ဒီကရီ သို့မဟုတ် စာချုပ်စာတမ်း မှတ်ပုံတင်သည့် လွှဲပြောင်းမှုများဖြင့် ဆောင်ရွက်ပါသည်။ ကာယကံရှင်က ခိုင်လုံသော အထောက်အထားများဖြင့် လျှောက်ထားခြင်းလည်း ရှိပါသည်။ ထိုအခါ မြေအသုံးပြုခွင့်မှတ်တမ်း (Record of Possession) ၌ Altering of Occupation ပြင်ဆင်နိုင်ရန် 1.A ၌ ဘိုးဘပိုင်မြေများ/ LHR မြေများကို အမည်ပြောင်း မှတ်သားရန် ဆောင်ရွက်ခြင်းကို မြေစာရင်းလက်စွဲ ဥပဒေနှင့် အမြဲအမိန့်များအရ ဆောင်ရွက်ရပါသည်။

ထိုအချက်များကို ယခုစာအုပ်တွင် တတ်နိုင်သမျှ ပြည့်စုံစွာ ဖော်ပြ ရှင်းလင်းပေးထားပါသည်။ အစိုးရမြေချင်းအတူတူ ဖြစ်သော်ငြားလည်း စီမံခန့်ခွဲပိုင်ခွင့် မတူညီမှုအရ အစိုးရက စီမံချထားနိုင်သည့်မြေ (Land at the disposal of Government) နှင့် ယင်းမြေအမျိုးအစား မဟုတ်တော့သည် မြေရှင် ဆိုင်ရာဆိုင်ခွင့်ရ လက်ဝယ်ထားပိုင်ခွင့်ရမြေများ (Landholder's Right) မတူညီမှုကို သိရှိနိုင်သွားသည် ဆိုပါက ရေးသားထုတ်ဝေရကျိုးနပ်သည်ဟု ဆိုရပါမည်။

**ဦးဖော်မင်း (နတ်မောက်)**



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

# အောက်မြန်မာပြည်ရှိ လက်ဝယ်ထားပိုင်ခွင့်ရမြေ (Landholder's Right) များအကြောင်းနှင့် ပိုင်ဆိုင်ခွင့် လွှဲပြောင်းမှုများ မှတ်တမ်းတင်ခြင်း

လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ရုံးတချို့၏ အောက်ပါ သတင်းစာကြော်ငြာများကို ယခုနှစ်ပိုင်း၌ သတိထားလာမိကြပါသည်။ လွန်ခဲ့သောနှစ်များကပင် ယင်းကြော်ငြာများ အတွေ့များလာပြီး အမေးရှိလာသည့်အတွက် အဘယ်ကြောင့် ပိုင်ဆိုင်ခွင့်ရ မြေများကို လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ယခင် ကြေး/မြေဦးစီးဌာန) ၏ ဦးပိုင်မှတ်ပုံစာရင်း (၁-က) တွင် အမည်ပြောင်းလဲ မှတ်သားရန် ဆောင်ရွက်ရသည် ဆိုခြင်းနှင့် ထိုက်သင့်သည့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းသာ ဖြစ်ပါကြောင်း စာရေးသူက ရှင်းလင်းတင်ပြဖူးပါသည်။ လက်ရှိ ဆောင်ရွက်နေခြင်းသည်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း

ဘိုးဘပိုင်အမွေခွဲအမှတ်-[illegible]/ဘိုးဘ၂၀၂၂

**ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော**

**မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ**

[illegible]မြို့၊ ရေညောင်ပိုင်းတောင်ပိုင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် [illegible] အကွက်အမည်(ရေညောင်ပိုင်းတောင်ရပ်)၊ ဦးပိုင်အမှတ်-[illegible] ဧရိယာ [illegible] ဧက အောက်ဖော်ပြပါ အလားအလာရှိသည်-

(က) [illegible] - ရေညောင်ပိုင်းလမ်း[illegible]
(ခ) [illegible] - [illegible]
(ဂ) [illegible] - အကွက်အမှတ် (၁၁)[illegible]
(ဃ) [illegible] - [illegible]

[illegible] (ဘိုးဘပိုင်အမည်ပြောင်း)[illegible] လျှောက်ထားလာသည့်အတွက် [illegible] ပြောင်းလဲပေးရန်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ် [illegible] ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း [illegible] များနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

[illegible] ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
[illegible]မြို့

**အများသိစေရန်ကြေညာခြင်း**

ရွှေဘိုမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ သခွတ္တောရပ်၊ ဦးပိုင်အမှတ်(၁၀၀*)၊ ဧရိယာ([illegible]) ဧကကို ဘိုးဘပိုင် အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၆)ရပ်ကွက်၊ သခွတ္တောရပ်နေ ဦးအောင်လင်း၊ ဒေါ်ခင်ခင်ကြူတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်ကိုပြောင်းလဲပေးရမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၃ခုနှစ်၊ မတ်လ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
ရွှေဘိုမြို့

mgyoe.com

mgyoe.com


ဝန်ကြီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၄-၁၁-၂၀၂၀ ရက်စွဲပါ အမြဲ အမိန့် (၁၈၉) ဖြင့် ညွှန်ကြားထားသည့် 'ဦးပိုင်မှတ်ပုံစာရင်း (၁-က) (မြေစာရင်းပုံစံ-၂) တွင် မှတ်တမ်းတင်ခြင်း၊ အမည် ပြောင်းလဲပြင်ဆင်ခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် အမည်ပြောင်း အမှုတွဲများကို လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဖွင့်လှစ် ဆောင်ရွက်ရန် နည်းလမ်း ညွှန်ကြားခြင်း'အမိန့်ပါ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှအပ မြို့မြေများအတွင်းရှိ ဦးပိုင်အားလုံးကို မြေစာရင်းဌာနက ဦးပိုင်မှတ်ပုံစာရင်း (1.A Register) ဖြင့် ပြုစုထိန်းသိမ်းခြင်း၊ ပြောင်းလဲမှုများကို ပြင်ဆင်မှတ်သားခြင်း ပြုရပါသည်။ ထိုကဲ့သို့ မြေစာရင်းဌာနက (၁-က) မှတ်ပုံစာရင်းတွင် အငှားချထားမြေများသာမက ပိုင်ဆိုင်ခွင့်ရမြေများ၏ ပြောင်းလဲမှုများကိုပါ အဘယ်ကြောင့် ကိုင်တွယ်ဆောင်ရွက်ရပါသနည်း ဆိုသည်ကို လက်ဝယ်ထားရှိပိုင်ဆိုင်ခွင့်ရမြေ (landholder's right) အတွက် ဥပဒေ ဖွင့်ဆိုချက်များ၊ အခွန်အရာရှိ အခွင့်အာဏာ အပ်နှင်းမှုများ၊ မြေပိုင်ဆိုင်ခွင့် လွှဲပြောင်းမှုမှတ်တမ်းထိန်းသိမ်းရခြင်းများ၊ ယခင် အစဉ်အဆက်ကပင် မြေစာရင်းဌာနက ဦးပိုင်အားလုံး၏မှတ်တမ်း [Every Holding of any land (including LHR) in Town] တို့တွင် မည်သို့ပြင်ဆင် ထိန်းသိမ်းလာခဲ့ရသည် ဆိုသည်များကို ကောက်နုတ် တင်ပြလိုပါသည်။

Landholder's Right မြေကို ဗာရာဏသီ ချဲ့ကြည့်ပါမည်။

မြေပိုင်အခွင့်အရေးရ မြေများကို အောက်မြန်မာပြည်တွင် landholder's right ရမြေ၊ အထက်မြန်မာပြည်တွင် ဘိုးဘပိုင်မြေ (Non-State land) ဟု သတ်မှတ်ထားရာတွင် အောက်မြန်မာပြည်တွင်ရှိ 'လက်ရှိထားပိုင်ခွင့်ရမြေ'ဟု ခေါ်သော မြေရှင်ဆိုင်ရာဆိုင်ခွင့်ရှိမြေ (landholder's right) များကို အဓိက ရှင်းလင်းဖော်ပြရာ၌-

- မြေပိုင်ဆိုင်ခွင့် သတ်မှတ်မှုများနှင့် LHR များ၏ ဖွင့်ဆိုချက်၊
- LHR များကို ခွင့်ပြုခြင်း၊ LHR ကို အခွန်အရာရှိက ပြင်ဆင် ဖျက်သိမ်းနိုင်ခွင့်သည် မြေရှင်အဖြစ် ကြေညာ မှတ်ပုံတင်သည့်နေ့မှ ၅ နှစ်အတွင်းသာ ဖြစ်၍ ၅ နှစ် ကျော်သည်နှင့် ယင်း LHR Declared Register ပေါ်၌ မူလ ရေးသွင်းချက်နှင့် ကွဲလွဲသည့် အချက်ကို မှတ်တမ်းတင် ပြင်ဆင် ပြောင်းလဲခွင့် မရှိခြင်း၊
- မြို့မြေအတွင်း မြေပိုင်ဆိုင်ခွင့် (Tenure) အမျိုးအစား ခွဲရာတွင် LHR များကိုပါ မြို့မြေပိုင်ဆိုင်မှုစာရင်း (TLR townland roll) ၌ ရေးသွင်းရခြင်း၊
- TLR စာရင်း မြေပုံများကို အမှုတွဲခန်းသို့ အမြဲတမ်း အပ်နှံပြီးချိန်မှစ၍ ယင်း TLR ၌ ထပ်မံ ဖြည့်စွက် ပြင်ဆင်ခြင်း၊ ပြောင်းခြင်း (no entry) မရှိရတော့ဘဲ TLR အစား မြေစာရင်းပုံစံ-၂ [Land Records 2 (1.A Register)] ကိုသာ အသုံးပြုရခြင်း၊ ထိုအခါ TLR ရှိ L.H.R tenure ရ မြေများ အပါအဝင် Tenure အားလုံး၏ Mutation များကို I.A Register တွင်သာ ရေးသွင်း မှတ်တမ်းတင်လာရခြင်း (Any land in towns including LHR recorded in Tenure Enquiry Table – Then insert to TLR- and then entry into I.A Register)၊


mgyoe.com

mgyoe.com SAMPLE BOOK


- ထိုအခါ ၁၉၃၉-၁၉၄၀ နောက်ပိုင်း မြို့မြေများတွင် LHR မပေးတော့သည့်အလျောက် လွန်ခဲ့သော နှစ် ၈၀ ဝန်းကျင်က မှတ်တမ်းတင်ခဲ့သည့် အရေးပိုင်ရုံးရှိ Register of persons declared for landholdership မှတ်တမ်းပါ အချက်များသည် မည်သို့မျှ update မဖြစ်နိုင်၍ မူလ LHR ရသူအမည်နှင့် မြေပေါ်လက်ရှိ လွှဲပြောင်းဆက်ခံ ရရှိထားသူ မတူညီနိုင်ဘဲ LHR tenure ရမြေ၏ မြေပိုင်ဆိုင်သူစာရင်းနှင့် ကွဲလွဲနိုင်ခြင်း၊
- Any land tenure ၏ ဥပဒေနှင့်အညီ ပြောင်းလဲမှုများကို 1.A Register ၌ entry လုပ်ထားမှုကို လွန်ခဲ့သည့် နှစ် ၈၀ ဝန်းကျင်က LBTVL ပုဒ်မ ၁၅ (၁) အရ LHR မှတ်တမ်းနှင့် မတူ၍ လက်မခံနိုင်ဟု ငြင်းဆိုပါက ဥပဒေနှင့် ညီပါမည်လော။ လွန်ခဲ့သော နှစ် ၈၀ က မူလ ရေးသွင်းပြီးနောက် ငါးနှစ်ကျော်သည်နှင့် ပြင်ဆင်ရေးသွင်းခြင်း မပြုရသည့် Landholdership Register သည် မြို့ကွက်အသစ် ပြန်တိုင်းစဉ်ကပင် ဦးပိုင်တစ်ခုချင်းကို Block by Block tenure enquire လုပ်စဉ်၌ မြို့မြေပိုင်ဆိုင်မှုစာရင်း TLR တွင် LHR tenure အဖြစ် ရေးသွင်း မှတ်တမ်းဝင်ခဲ့ပြီး လက်ရှိထားမှု update အပြောင်းအလဲများကို (တရားရုံးအမိန့်၊ စာချုပ်စာတမ်း မှတ်ပုံတင်မှတ်တမ်း) ဖြင့် (၁-က) ၌ ဥပဒေနှင့်အညီ ပြင်ဆင် ပြောင်းလဲမှုများ ရှိလာသည်ကို သုံးသပ်ရှုမြင်ရန် လိုခြင်း၊
- မြေပိုင်ဆိုင်ခွင့် အပြောင်းအလဲများအတွက် ကာယကံရှင်များ၏ လျှောက်ထား အကြောင်းကြား တင်ပြမှုအရလည်းကောင်း၊ အခွန်ရုံးများ၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများ၊ တရားရုံးများ၏ မြေနှင့်ဆိုင်ရာ အကျိုးစီးပွား ပြောင်းလဲမှုအတွက် ဆောင်ရွက်သောအမှုတွဲ၊ မှတ်ချက်၊ အမိန့်၊ ဒီကရီများအရလည်းကောင်း (၁-က) မှတ်ပုံစာရင်းတွင် မြေစာရင်းလက်စွဲဥပဒေနှင့် အမည်ပြောင်း ညွှန်ကြားချက်များအရ ပြောင်းလဲ ပြင်ဆင်ရခြင်း၊ ထိုသို့ ပြင်ဆင်ရာတွင် LBTVL section 4.(2)(a) အရ အခွန်အရာရှိများ စီမံချထားခွင့် ရှိသည့် land at the disposal of Government မဟုတ်သည့် တစ်ဦးတစ်ယောက် ပိုင်ဆိုင်ခွင့်၊ လက်ရှိထားပိုင်ခွင့် ပြုထားသည့် LHR များကို တရားရုံး၏ အမိန့်၊ ဒီကရီနှင့် စာချုပ်မှတ်ပုံတင် Memorandum များအရလည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ပုဒ်မ ၇ (ဃ) နှင့်အညီ လွှဲပြောင်း လက်ခံ ရရှိထားသည့် ကာယကံရှင်၏ လျှောက်ထားမှုအရ မြေစာရင်း ဌာနက (၁-က) အမည်ပြောင်း ဆောင်ရွက်ခွင့် ရှိခြင်း၊
- ထိုသို့ [Transfer of the title or right to possession of any land (including LHR) in towns] မည်သည့်မြေမဆို မြေပိုင်ဆိုင်မှု ပြောင်းလဲခြင်းများအတွက် အကြောင်းကြား သတင်းပို့ရန် အရာရှိအဖြစ် (၁-က) စာရင်းပြုစုကိုင်တွယ် ထိန်းသိမ်းရသည့် ခရိုင်လယ်ဝန်နှင့် မြေတိုင်းစာရေးသို့ အခွင့်အာဏာ အပ်နှင်းထားမှု၊ မြေနှင့်အခွန် ဥပဒေ၊ မြို့နှင့်ကျေးရွာမြေများ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာများအရ မြေပိုင်ဆိုင်ခွင့် ပြောင်းလဲမှုများကို မြေစာရင်းဌာနမှ တာဝန်ယူ ဖြည့်သွင်းရပုံ၊ မှားယွင်းက ပြစ်မှုဆိုင်ရာဥပဒေအရ အပြစ်ပေး အရေးယူခံခဲ့ရမှုအရ လက်လွတ်စပယ် လုပ်ခွင့် မရှိခြင်း၊


mgyoe.com

mgyoe.com


- L.H.R ပြောင်းလဲမှုများကို မြေစာရင်းဌာနက ရှေးယခင်ကပင် အစဉ်အဆက် ဦးပိုင်မှတ်ပုံ စာရင်း (၁-က) တွင် ပြောင်းလဲဆောင်ရွက်လာမှု အထောက်အထားများ၊ ယခင် အမည် ပြောင်း ညွှန်ကြားချက်များ၊ လက်ရှိဆောင်ရွက်ရန် ညွှန်ကြားထားသည့် အမြဲအမိန့်-၁၈၉ ပါ အချက်များ၊
- လက်ရှိထားပိုင်ခွင့် ရရှိမှုအပေါ် စီရင်ဆုံးဖြတ်ထားသည့် တရားရုံးချုပ်၏ စီရင်ချက်တစ်ရပ် သည် ဥပဒေကြောင်းအရ မပြည့်စုံဟု ယူဆချက်များ၊
- မြေပိုင်ဆိုင်ခွင့် လွှဲပြောင်းနိုင်မှုအတွက် မည်သည့်မြေ အမျိုးအစားအတွက် မည်သူများ ဆိုသည်ကို ညွှန်ပြခဲ့မှုကို ရှင်းလင်းခြင်း၊ မြို့မြေအတွင်း ကော်လိပ်တော် စီရင်မှု မပြုရန် ဖော်ပြထားမြေများ သတိပြုရခြင်း

စသည့်အချက် တစ်ခုချင်းကို ဖော်ပြရှင်းလင်းမှသာ လက်ရှိထားပိုင်ခွင့်ရမြေကို မြေစာရင်းဌာနက ဦးပိုင်မှတ်ပုံ စာရင်း (၁-က) ၌ အမည် ပြောင်းလဲပေးရခြင်းကို သဘောပေါက်မည် ထင်ပါသည်။

ပိုင်ဆိုင်ခွင့်ရမြေများအနက် အထက်မြန်မာပြည်နှင့်ဆိုင်သော ဘိုးဘပိုင်မြေ (Non State Land) ကိစ္စကို အကျဉ်းသာ ရှင်းပြ၍ အောက်မြန်မာပြည်တွင် သတ်မှတ်ထားခဲ့သော Tenure အမျိုးအစား ဖြစ်သည့် LHR ဟု ခေါ်သော လက်ဝယ်ထားပိုင်ခွင့်ရမြေ (Landholder's Right) အတွက်ကိုသာ အဓိက ရှင်းပြပါမည်။ မြေပိုင်ဆိုင်ခွင့် ပြဋ္ဌာန်းချက်များသည် မရှုပ်ထွေးပါ။ ရှင်းပါ သည်။ သို့သော် ယင်းပြဋ္ဌာန်းပုဒ်မများအပေါ် အဓိပ္ပာယ် ဖွင့်ဆိုသည့်အခါ သတိထားရန် ဆက်စပ် အချက်များ ရှိနေပါသည်။ အောက်မြန်မာပြည်ရှိ Tenure များကို Tenure Enquire လုပ်၍ မြို့ မြေပိုင်ဆိုင်မှုစာရင်း (Town Land Roll) ပြုစု မှတ်တမ်းတင်ရာ၌ tenure အမျိုးအစား ၁၂ မျိုးတွင် အမှတ်စဉ် (၃) ၌- 'Land held under landholder's right' အဖြစ် မှတ်တမ်းတင်ခဲ့သော လက် ဝယ်ထားရှိပိုင်ခွင့် ရရှိမြေများ၏ TLR စာရင်းပါ ပိုင်ဆိုင်ခွင့်ကို 'နေ့အထိ (လက်ရှိအချိန်အထိ)' မှန်ကန်စေရန် မြေစာရင်းဌာနက ဆောင်ရွက်ရသည့် Up to date correction and entry system များကို သုံးသပ် ဆုံးဖြတ်တတ်ရန် ရှင်းပြလိုပါသည်။

## မြေပိုင်ဆိုင်ခွင့် သတ်မှတ်မှုများ

အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် မြေရှင်အဖြစ် မည်သို့ သတ်မှတ်သနည်း။

လယ်ယာစိုက်ပျိုးမြေအတွက် အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေအရ မြေရယူ ပိုင်ဆိုင်နိုင်သည့် အခွင့်အရေးများက အောက်ပါတို့ ဖြစ်သည်။

ပုဒ်မ ၆။ အောက်တွင် ပါရှိသည့် ဆိုင်ရာဆိုင်ခွင့်မျိုးမှတစ်ပါး ယခုအခန်းနှင့် သက်ဆိုင်သည့်မြေ တစ်စုံတစ်ရာတွင် လူတစ်ဦးဦးက မည်သည့် ဆိုင်ရာဆိုင်ခွင့်မျိုးကိုမျှ ရယူ ပိုင်ဆိုင်ခဲ့ ကြောင်း၊ နောင် ရယူ ပိုင်ဆိုင်နိုင်ကြောင်းများနှင့် မှတ်ယူမရှိစေရ၊ ၎င်းဆိုင်ရာဆိုင်ခွင့် များမှာ-


mgyoe.com

mgyoe.com SAMPLE BOOK


(က) အစိုးရကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အစိုးရမှသော်လည်း Grant, Lease ပေးအပ်ချထားမှုအရ ပိုင်ဆိုင်ခွင့်၊

(ခ) ကာလစည်းကမ်းသတ် ဥပဒေအရ ရရှိပိုင်ဆိုင်ခွင့်၊

(ဂ) အောက်တွင် ဖော်ပြ ပိုင်းခြားထားသည့် နည်းလမ်း တစ်ရပ်ရပ်အရ ရရှိသည့် ပိုင်ဆိုင်ခွင့်၊

(ဃ) အထက် ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) တို့ပါ အခွင့်အရေးများကို မူလပိုင်ဆိုင်သူထံမှ တရားဥပဒေနှင့်အညီ လွှဲပြောင်းရယူ ခံစား၍ သက်ဆင်း ရရှိသော ပိုင်ဆိုင်ခွင့်။

ပုဒ်မ ၇။ ပုဒ်မ ၂၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး မည်သူမဆို စိုက်ပျိုးလုပ်ကိုင်သည့်မြေ တစ်စုံတစ်ရာကို ၁၂ နှစ်တိုင်တိုင် အဆက်မပြတ် လက်ရှိပိုင်ဆိုင်၍ ၎င်းကာလအတွင်း လည်း ယင်းမြေကွက်အတွက် ထမ်းဆောင်သင့် အခွန်များ မှန်ကန်စွာ ထမ်းဆောင်သူ သို့မဟုတ် အတိအလင်း ဖော်ပြထားသော မြေခွန်တော် လွတ်ငြိမ်းချမ်းသာခွင့် ရသူသည် ၁၂ နှစ် ကုန်ဆုံးသောအခါ ယင်းမြေနှင့် စပ်လျဉ်း၍ မြေရှင်အခြေအနေ (Landholder Right) ရရှိကြောင်း မှတ်ယူရမည်။

LBLR section 7. Except as provided in section 22, any person having been in possession of any culturable land for twelve years continuously, and having during that period regularly paid the revenue due thereon, or held the same under an express exemption from revenue, shall be deemed to have, upon the expiration of that period, acquired the status of a landholder in respect of such land:

အထက်မြန်မာပြည် မြေနှင့်အခွန်တော်စည်းမျဉ်း ဥပဒေအရ မြေရယူ ပိုင်ဆိုင်နိုင်သည့် အခွင့်အရေးများက ဤသို့ ဖြစ်သည်။

အထက်မြန်မာပြည်တွင် State Land (အရာတော်မြေ) မဟုတ်သော မြေကို Non-State land ပုဂ္ဂလိကပိုင် (ဘိုးဘပိုင်) မြေဟု ခေါ်သည်။ အစိုးရမြေဟု အောက်ပါအတိုင်း သတ်မှတ်မြေများ တွင် မပါဝင်သော မြေများ ဖြစ်သည်။

ပုဒ်မ၂၃။ အရာတော်မြေ ဆိုသည်မှာ အစိုးရမင်းတို့ ပိုင်သည့်မြေ သို့မဟုတ် စီမံချထားနိုင်သည့် မြေကို ဆိုလိုသည့်အပြင် ၎င်းတွင် အောက်ပါမြေများ ပါဝင်သည်-

(က) ဘုရင်ပိုင်မြေ (Royal land) များ၊

(ခ) မင်းမှုထမ်းတို့ကို ရာထူးအရဖြစ်စေ၊ လစာရိက္ခာအတွက်ဖြစ်စေ သူကောင်းပြု ချီးမြှင့်ထားသည့်မြေများ၊

(ဂ) မြစ်၊ ချောင်းမြောင်းအတွင်းရှိ ကျွန်းများ၊ မြေနုကျွန်းများ၊ သောင်မြေများ၊

(ဃ) မြေရိုင်းနှင့် ကြိုးဝိုင်းသစ်တောများ၊

(င) ခုတ်ထွင် စိုက်ပျိုးလုပ်ကိုင် လက်ရှိထားခဲ့သော်လည်း မြေကို စွန့်ခွာသွားသည့်အပြင် UBLR ဥပဒေ ပြဋ္ဌာန်းပြီး ၂ နှစ်အတွင်း ယင်းမြေပိုင်ဆိုင်ခွင့်အတွက် လျှောက် ထားခြင်း မပြုသည့်မြေများ။


mgyoe.com

mgyoe.com SAMPLE BOOK



အထက်ဖော်ပြပါမြေအားလုံးသည် အရာတော်မြေ (State land) ဟု ဖွင့်ဆိုထားသည်။ သို့သော် မြန်မာဘုရင်ခေတ်တွင် ပိုင်ဆိုင်ခွင့် အခွင့်အရေး ရခဲ့သူများအနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်ခွင့်ကို ပြန်လည် လျှောက်ထားခွင့် ပေးခဲ့၍ လျှောက်ထားမှုအပေါ် စိစစ်၊ အရာတော်မြေအဖြစ်မှ နုတ်ပယ်ပြီး ပုဒ်မ ၂၄ အရ အရာတော် မဟုတ်သည့်မြေဟု သတ်မှတ်၍ မူလရရှိခဲ့သော ပိုင်ဆိုင်ခွင့်ကို ဘိုးဘပိုင်မြေအဖြစ် အသိအမှတ်ပြုပါသည်။ မူလ မြေပိုင်ဆိုင်ခွင့် ရခဲ့သူများသည် ပုဒ်မ ၂၄ နှင့် ၂၄ (က) အရ အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေ ပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း မြန်မာဘုရင်များ လက်ထက်က ရရှိထားသည့် မြေပိုင်ဆိုင်ခွင့်အတိုင်း မိမိတို့၏ ဆိုင်ရာဆိုင်ခွင့် ဆက်လက် ရရှိလိုကြောင်း၊ မြေခွန်လွတ် သို့မဟုတ် လျှော့ပေါ့အခွန်ဖြင့် လက်ရှိထားပိုင်ခွင့် ရလိုကြောင်းကို လုံလောက်သော အချက်အလက် အထောက်အထားများဖြင့် လျှောက်ထားစေခဲ့သည်။

လျှောက်ထားမှုကို အခွန်အရာရှိများက စိစစ်ပြီး လျှောက်ထားမြေကို ဘိုးဘပိုင်မြေအဖြစ် ဆက်လက်ပိုင်ဆိုင်ခွင့်ပေးခြင်း သို့မဟုတ် အရာတော်မြေအဖြစ်သာ သတ်မှတ်ပြီး ဆက်လက်လုပ်ကိုင်နေထိုင်ခွင့် ပေးခြင်းများ ဆောင်ရွက်သည်။ အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေ၏ အထက်မြန်မာပြည်အတွက် မြေပိုင်ဆိုင်ခွင့် ခွဲခြားသတ်မှတ်မှုတွင် ဘုရင့်လက်ထက်က သတ်မှတ်ပေးခဲ့သော ပိုင်ဆိုင်မှုနည်းလမ်းများနှင့် ရောယှက် မရှုပ်ထွေးနိုင်ရန် ဥပဒေ စကားရပ်များ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အောက်မြန်မာပြည် မြေနှင့်အခွန် ဥပဒေကဲ့သို့ မြေကို လက်ရှိထားခြင်း (in possession) စကားရပ်နှင့် မြေရှင်အခြေအနေ ဆိုင်ရာဆိုင်ခွင့် (LHR) တို့ကို ဖွင့်ဆိုရှင်းပြ သတ်မှတ်ထားခြင်း မရှိဘဲ အရာတော်မြေ (State land) နှင့် အရာတော် မဟုတ်သည့်မြေ (Non State land) ဟု နှစ်မျိုးနှစ်စားကိုသာ အဓိက ခွဲခြား သတ်မှတ်လိုက်သည်ကို တွေ့ရသည်။

အထက်မြန်မာပြည် မြေခွန်တော် ဥပဒေတွင် အရာတော်မြေနှင့် အရာတော်မဟုတ်သည့်မြေ သတ်မှတ်ခြင်းကို အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေ ပုဒ်မ ၂၃ မှ ပုဒ်မ ၂၇ ထိပါ နည်းလမ်းများ သတ်မှတ်ရုံမကဘဲ ၁၉၁၁ တွင် ထုတ်ပြန်သော အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်း အမိန့်ဆင့်ဆိုချက်များ၌ အထက်မြန်မာပြည် မြေပိုင်ဆိုင်ခွင့်နည်းလမ်းများ (Upper Burma Land Tenures) ဆို၍ အခန်း (၁၃) အဖြစ် သီးခြားအခန်း ဖွင့်လှစ်ပြီး ဘိုးဘပိုင်မြေ၊ ဓားမဦးချမြေ၊ အမှုထမ်းမြေ၊ အရာတော်မြေ၌ သီးစားလုပ်ကိုင်သူ ပိုင်ဆိုင်ခွင့်၊ ချောင်းတိမ်ကျွန်းမြေတွင်လုပ်သူများ ပိုင်ဆိုင်ခွင့်၊ ဝတ္တကံမြေ၊ ကျေးရွာပိုင်မြေများ၏ ပိုင်ဆိုင်ခွင့် နည်းလမ်းများ ညွှန်ကြားခဲ့ခြင်းကို တွေ့ရသည်။ အရာတော်မြေထဲသို့ မည်သည့်မြေ အမျိုးအစားများ ထည့်ရန်၊ မည်သည့်မြေများကို ဘိုးဘပိုင်အဖြစ် အခွင့်အရေးရစေရန် စသည်များ ရှင်းလင်းပြဋ္ဌာန်းပြီး လမ်းညွှန်ခဲ့ခြင်းကို တွေ့ရသည်။

ရှေးယခင် မြေပိုင်ဆိုင်ခွင့် ရခဲ့သူများအနေဖြင့် မိမိမြေကို အရာတော်မြေအဖြစ် သတ်မှတ်ခံရခြင်းကို မကျေနပ်ပါက အယူခံတင်ခွင့် ပေးခဲ့ပါသည်။ အခွန်အရာရှိများက UBLR Direction အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များကို မှီငြမ်းပြုပြီး မြေပိုင်ဆိုင်ခွင့်များ သတ်မှတ်သည့်အခါ မည်သူမျှ အတည်တကျ လုပ်ကိုင်သေးခြင်း မရှိသေးသောမြေကို ကိုယ်တိုင်ခုတ်ထွင် လုပ်ကိုင်လာပြီး ၁၉ နှစ်တိုင် အဆက်မပြတ် လက်ရှိထားလာ၍ ဓားမဦးချ လုပ်ကိုင်သူများ၊ ဘိုးစဉ်ဘောင်ဆက်ကတည်းက



mgyoe.com

လက်ရှိလုပ်လာသည့်အပြင် သားမြေးများက လက်ရှိ ဆက်လက်လုပ်ကိုင်နေသည့်မြေများကို မြေပိုင်ဆိုင်ခွင့် ပေးပါသည်။ ဘိုးဘပိုင်မြေအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ [UBLR .Dir 286 (iii)]

အထက်က ပြဆိုချက်များသည် စိုက်ပျိုးမြေများအတွက် ပိုင်ဆိုင်ခွင့် အခွင့်အရေး ဖြစ်သည်။ မြို့မြေအတွင်း မြေပိုင်ဆိုင်ခွင့်များကို ၁၈၉၈ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေဖြင့် ပြဋ္ဌာန်းပေးခဲ့ပါသည်။

## အောက်မြန်မာပြည်၏ မြေပိုင်ဆိုင်ခွင့်ရမြေ (Landholder' Right)

အောက်မြန်မာပြည်၏ LHR မြေ ဟူသည် မြေပိုင်ဆိုင်ခွင့် ရှိသော မြေအမျိုးအစား ဖြစ်သည်။ ၁၈၇၆ အောက်မြန်မာပြည် မြေနှင့် အခွန်တော် ဥပဒေ၌ မြေအားလုံးကို အစိုးရပိုင်အဖြစ်သာ သဘောထားပြီး မြေပိုင်ဆိုင်ခွင့်ကို မြေပိုင်ရှင် အခြေအနေအရ ပိုင်ဆိုင်ခွင့် (လက်ရှိထားပိုင်ခွင့်) နှင့် အပိုင်ဂရန် ပိုင်ဆိုင်ခွင့်ဟု ပိုင်ဆိုင်ခွင့်အမျိုးအစား နှစ်မျိုးနှင့် ပိုင်ဆိုင်ခွင့် မရနိုင်သော မြေများအဖြစ် အငှားဂရန်မြေ၊ အခွင့်အမိန့်မရဘဲ ကျူးကျော်ဝင်ရောက် လုပ်ကိုင်သောမြေများဟု ခွဲခြားသတ်မှတ်ပေးထားပါသည်။ မြေပိုင်ဆိုင်ခွင့်ပေးခြင်းအတွက် အစိုးရမြေကို အပိုင်ဂရန် (Grant) လျှောက်ထား ရယူစေ၍ ပိုင်ဆိုင်စေနည်းနှင့် မြေရှင်အခြေအနေဆိုင်ရာ (Land Holder's Right) လက်ဝယ်ထားရှိ ပိုင်ဆိုင်ခွင့်ပေးခြင်း ဖြစ်ပါသည်။ မြေအသုံးချခွင့်အတွက် အငှားဂရန်၊ လိုင်စင် ရယူခွင့်များလည်း ပေးထားပါသည်။

အထက်ပါ နည်းလမ်းတစ်ရပ်ရပ်အရ မဟုတ်ဘဲ မြေပေါ် ဝင်ရောက် အသုံးချမှုများကို အခွင့်မရဘဲ အစိုးရမြေပေါ် ဝင်ရောက်သူ ကျူးကျော် (Squatter) အဖြစ် သတ်မှတ်ပါသည်။ (BLM para 1171)

## မြေကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ခွင့် (landholder's right)

အောက်မြန်မာပြည် မြေခွန်တော်ဥပဒေ (Lower Burma Land and Revenue Act) ပုဒ်မ ၈ ၌ ဤသို့ ဖွင့်ဆိုထားသည်-

LBLR: Section 8; A landholder shall have a permanent heritable and transferable right of use and occupancy in his land, ...

LBLR ပုဒ်မ ၈။ မြေကို လက်ဝယ်ထားခွင့် ရသူ၏ အခွင့်အရေးသည် ၎င်းမြေကို အမွေအဖြစ် အမြဲ ပေးအပ်နိုင်ခြင်းနှင့် လွှဲပြောင်းပေးနိုင်ခြင်း၊ လက်ရှိထား လုပ်ကိုင်အသုံးပြုနိုင်ခြင်းများ ဖြစ်သည်။

သို့သော် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ယင်းမြေပေါ်တွင် အခါအားလျော်စွာ စည်းကြပ်သည့် အခွန်အခ၊ ငွေကြေးခန့်ခွဲ စည်းကြပ်ငွေများကို ထမ်းဆောင်ရန်၊ မြေပေါ်မြေအောက် သတ္တု၊ တွင်းထွက်၊ ကျောက်မျက်ရတနာများ တွေ့ရှိက အစိုးရဘဏ္ဍာအဖြစ် အပ်နှံရန် အချက်များကို လိုက်နာရပေမည်။



mgyoe.com

mgyoe.com SAMPLE BOOK


## မြို့မြေကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ခွင့် (landholder's right)

အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ ပုဒ်မ ၄ (၁၀) ၌ ယခုကဲ့သို့ ဖော်ပြထားပါသည်-

Section 4 (10): 'landholder's right? means a permanent heritable and transferable right of use and occupancy in land in the landholder's possession, …….. –

ပုဒ်မ ၄ (၁၀)။ မြေကို လက်ဝယ်ထားရှိပိုင်ဆိုင်ခွင့် (မြေရှင် ဆိုင်ရာဆိုင်ခွင့်) ဆိုသည်က အမွေဆက်ခံခွင့်၊ လွှဲပြောင်းပေးအပ်နိုင်ခွင့်များ အစဉ်ထာဝရ တည်ရှိပြီး မြေရှင်အဖြစ် လက်ဝယ် ပိုင်ဆိုင်ခွင့်၊ နေထိုင်သုံးစွဲခွင့်၊ လုပ်ကိုင်ခွင့်ရှိသော အခွင့်အရေးဟု ဆိုပါသည်။

သို့သော် LBTVL section 4 (10) (a) and 4 (10) (b) များအရသာ လက်ရှိထားပိုင်ခွင့် (မြေရှင်ဆိုင်ရာဆိုင်ခွင့် အခွင့်အရေး) ရစေရမည်ဟု ထိန်းချုပ်ထားပါသည်။

4 (10) (a). to the payment of all such revenue, taxes, cesses, rates and other imposition as may from time to time be imposed on such land under any law for the time being in forced;

4 (10) (b). to the reservation in favour of Government of all mines and mineral products and of all buried treasure, with all the powers conferred by Chapter VIA:

၄ (၁၀) (က)။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ယင်းမြေပေါ်တွင် အခါအားလျော်စွာ စည်းကြပ်သည့် အခွန်အခ၊ ခွဲကြေးခိုင်ကြေးများ၊ အခြားကောက်ခံစည်းကြပ်ငွေများ နှုန်းထားများကို ထမ်းဆောင်ခြင်း။

၄ (၁၀) (ခ)။ မြေပေါ်မြေအောက် သတ္တု၊ တွင်းထွက်၊ ကျောက်မျက်ရတနာများ တွေ့ရှိက အစိုးရဘဏ္ဍာအဖြစ် အပ်နှံရမည် ဖြစ်ခြင်း။

## In Lower Burma - မြေကို လက်ရှိထားပိုင်ခွင့် (landholder's right) ရယူ ပိုင်ဆိုင်နိုင်သည့် အခွင့်အရေး

အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေအရ LHR ရယူပိုင်ဆိုင်နိုင်သည့်အခွင့်အရေး-

LBLR ပုဒ်မ ၇။ ပုဒ်မ ၂၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး မည်သူမဆို စိုက်ပျိုးလုပ်ကိုင်သည့်မြေ တစ်စုံတစ်ရာကို ၁၂ နှစ်တိုင်တိုင် အဆက်မပြတ် လက်ရှိ ပိုင်ဆိုင်၍ ၎င်းကာလအတွင်းလည်း ယင်းမြေကွက်အတွက် ထမ်းဆောင်သင့် အခွန်များ မှန်ကန်စွာ ထမ်းဆောင်သူ သို့မဟုတ် အတိအလင်း ဖော်ပြထားသော မြေခွန်တော် လွတ်ငြိမ်းချမ်းသာခွင့် ရသူသည် ၁၂ နှစ် ကုန်ဆုံးသောအခါ ယင်းမြေနှင့် စပ်လျဉ်း၍ မြေရှင်အခြေအနေ (လက်ရှိထားပိုင်ခွင့်) (Landholder's Right) ရရှိကြောင်း မှတ်ယူရမည်။


mgyoe.com

mgyoe.com SAMPLE BOOK



အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေအရ LHR သတ်မှတ်ချက်သည် LBLR ပုဒ်မ ၄ အရ မြို့ရွာအတွင်း လူနေအိမ်ရာမြေများနှင့် မသက်ဆိုင်ပါ။ အဓိကအားဖြင့် စိုက်ပျိုးမြေများ၏ ပိုင်ဆိုင်ခွင့် အခွင့်အရေး ဖြစ်ပါသည်။ သို့သော် စားကျက်နှင့် တောင်ယာမြေများတွင် စိုက်ပျိုးလုပ်ကိုင်မှုများအတွက် LHR အခွင့်အရေး မရပါ။

## အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ ဥပဒေအရ LHR ရယူပိုင်ဆိုင်နိုင်သည့် အခွင့်အရေး

အောက်မြန်မာပြည် မြို့မြေများအတွင်း၌လည်း မြေပိုင်ဆိုင်ခွင့်များကို ၁၈၉၈ အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ ဥပဒေဖြင့် ပြဋ္ဌာန်းပေးခဲ့ပါသည်။

## မြေပိုင်ဆိုင်ခွင့် (Of Rights in Land)

မြို့မြေများတွင် အောက်ပါအတိုင်း မြေပိုင်ဆိုင်ခွင့်ကို ခွင့်ပြုခဲ့ပါသည်-

LBTVL ပုဒ်မ ၇။ အောက်ပါ မြေပိုင်ဆိုင်ခွင့် အခွင့်အရေးများမှအပ အခြား မည်သည့်ဆိုင်ရာ ဆိုင်ခွင့်ကိုမျှ မြို့နှင့် ကျေးရွာမြေများတွင် မရှိစေရ-

(က) အစိုးရမှ ချထားသည့် အပိုင်ဂရန်အရ ရရှိသည့် ပိုင်ဆိုင်ခွင့်၊

(ခ) ကာလစည်းကမ်းသတ် ဥပဒေ (Limitition Act) အရ ပိုင်ဆိုင်သော အခွင့်အရေး၊

(ဂ) ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀ တို့တွင် သတ်မှတ် ဖော်ပြထားသော ပိုင်ဆိုင်ခွင့်၊

(ဃ) အထက် ပုဒ်မ ၇၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ တို့ပါ အခွင့်အရေးကို မူလပိုင်ဆိုင်သူထံမှ တရားဥပဒေနှင့်အညီ လွှဲပြောင်း ရယူ ခံစားခွင့်။ (ဤအချက်သည် အရေးကြီးပါသည်။ အပိုင်ဂရန်ရသူများ၊ LHR ရသူများထံမှ ဥပဒေနှင့်အညီ လွှဲပြောင်း ရယူ ခံစားခွင့် ဆိုသည်ကို သတိပြုရပါမည်။)

## LHR ရရှိရန် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေက သတ်မှတ်ချက်

မြေရှင်အခြေအနေ ဆိုင်ရာပိုင်ခွင့်အတွက် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေအရ မည်သို့ ပိုင်ဆိုင်ခွင့် ရရှိမည်ကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

LBTVL ပုဒ်မ ၈။ စာရင်းဝင်မြို့များ (Scheduled Town) နှင့် အစိုးရမှ အမိန့်ထုတ်ပြန် ကင်းလွတ်ခွင့် ပေးထားသော မြေများမှအပ အောက်ပါအချက်များနှင့် ညီညွတ်သူမည်သူမဆို (Landholder's right) မြေရှင်ဆိုင်ရာ အခွင့်အရေး (လက်ရှိထားပိုင်ခွင့်) ကို ရရှိစေရမည်။



mgyoe.com

mgyoe.com


(က) မြို့နှင့်ကျေးရွာမြေများ ပြဋ္ဌာန်းအတည်မဖြစ်မီ လွန်ခဲ့သော ၁၂ နှစ်မှ ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ထိ မြေကို တစ်ဆက်တည်း ပိုင်ဆိုင် လက်ရှိထားလာသူ၊

(ခ) သို့မဟုတ် ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မတိုင်မီ အချို့သော ကာလနှင့် ယင်းနေ့နောက်ပိုင်း လက်ရှိဖြစ်နေသောကာလ နှစ်ရပ်ပေါင်း ၁၂ နှစ်ကာလပြည့်အောင် မြေကို လက်ရှိထား ပိုင်ဆိုင်လာသောသူ၊

(ဂ) သို့မဟုတ် ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နောက်ပိုင်း ၁၂ နှစ်ကာလတိုင် တစ်ဆက်တည်း မြေကို ပိုင်ဆိုင် လက်ရှိထားလာပြီး ယင်းကာလများ၌ ၎င်းမြေနှင့် သက်ဆိုင်သည့် အရပ်ရပ် မြေခွန်တော်များ၊ အစိုးရသို့ ပေးသွင်းရမည့် အခွန်အခများ (public demands) ကို ထမ်းဆောင်လာသူ။

LBTVL ပုဒ်မ ၉။ စစ်တွေ၊ ပုသိမ်နှင့် ပြည်မြို့များအတွက်-

(က) စစ်တွေမြေများအတွက် ၁၈၅၂ ဧပြီလ ၁ ရက်မှစ၍ ယခု အက်ဥပဒေ အတည် ဖြစ်သည့် ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ထိ အဆက်မပြတ် လက်ရှိ ဖြစ်နေပါက၊

(ခ) ပုသိမ်မြို့တွင် ၁၈၇၆ ဇန်နဝါရီလ ၁ ရက်မှ စ၍ ယခုအက်ဥပဒေ အတည် ဖြစ်သည့် ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ထိ အဆက်မပြတ် လက်ရှိ ဖြစ်နေပါက၊

(ဂ) ပြည်မြို့တွင် ၁၈၇၀ ဇန်နဝါရီလ ၁ ရက်မှ အစပြု၍ ယခုအက်ဥပဒေ အတည် ဖြစ်သည့် ၁၈၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ထိ အဆက်မပြတ် လက်ရှိ ဖြစ်နေပါက

မည်သူမဆို (လက်ရှိထားပိုင်ခွင့်) LHR မြေရှင်ဆိုင်ရာဆိုင်ခွင့်များ ရရှိစေရမည်။

## အဆိုပါ မြေပိုင်အခွင့်အရေးများသည် အလိုလို ရရှိလာပါသလား

မြေရှင်ဆိုင်ရာဆိုင်ခွင့် အခွင့်အရေးသည် အလိုလို သတ်မှတ်ပေးသော အခွင့်အရေး မဟုတ်ပါ။

အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေ ပုဒ်မ ၇ အရလည်းကောင်း၊ အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ ဥပဒေ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့ အရလည်းကောင်း မြေရှင်ဆိုင်ရာဆိုင်ခွင့်၊ လက်ရှိထားပိုင်ခွင့် (Landholder's Right) ရရှိကြောင်း မှတ်ယူရမည်ဟုလည်းကောင်း၊ မြေပိုင်ဆိုင်ခွင့် ရရှိစေရမည်ဟုလည်းကောင်း ဆိုထားသည့် စကားရပ်ကလေးကိုသာ အကြောင်းပြုပြီး ဆိုင်ရာမြေကို မိမိတို့လက်ဝယ် ထားရှိခြင်းသည် နှစ်ပေါင်း မည်မျှ ကြာပြီ ဖြစ်သည့်အတွက် မြေရှင်အခွင့်အရေး အလိုလို ရရှိပြီး ဖြစ်သည်ဟု မမှတ်ယူနိုင်ပါ။


mgyoe.com

mgyoe.com SAMPLE BOOK


မြေရှင်အခွင့်အရေး ရလိုသောသူသည်-

- အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေ ပုဒ်မ ၁၅ နှင့် မြို့နှင့်ကျေးရွာမြေများဥပဒေ ပုဒ်မ ၁၂ ပြဋ္ဌာန်းချက်များအရ မြေတစ်စုံတစ်ရာကို လက်ရှိ ပိုင်ဆိုင်သူ မည်သူမဆို မြေရှင် ဆိုင်ရာ အခြေအနေ အခွင့်အရေး ရသူအဖြစ် ကြေညာ၍ မှတ်ပုံတင်စာရင်းတွင် ရေးသွင်း ပေးပါရန် အခွန်တော်အရာရှိထံ လျှောက်ထားရန် ဖြစ်ပါသည်။
- Lower Burma Land Revenue Act ပုဒ်မ ၁၅ ၊ ၁၆၊ ၁၇ ရှိ L.H.R ပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာတို့အတွက် LBLR Manual Notification 'B' အရ လျှောက်ထား တင်သွင်းရမည့် အခွန်အရာရှိအဖြစ် အခွင့်အာဏာ အပ်နှင်းခံရသူမှာ အရေးပိုင်များ ဖြစ်သည်။
- အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ ဥပဒေ ပုဒ်မ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ဆိုင်ရာအချက် များအတွက် LBTVL Manual ၏ Notification 'B' အရ အခွင့်အာဏာ အပ်နှင်းခံရသူ သည် အရေးပိုင် (DC) နှင့် နယ်ပိုင်ဝန်ထောက်များ (SDO) တို့ ဖြစ်ပါသည်။
- အောက်မြန်မာပြည် မြေခွန်တော်ဥပဒေ LBLR ပုဒ်မ ၇ နှင့် အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ ဥပဒေ LBTVL ပုဒ်မ ၈၊ ၉ တို့အရ မြေကို လက်ရှိထားပိုင်ခွင့် အရည် အချင်း ပြည့်မီသူတို့က အခွန်အရာရှိထံ မိမိတို့ လက်ရှိထားနေသောမြေကို လက်ရှိထား ပိုင်ဆိုင်ခွင့် သတ်မှတ်ကြေညာ မှတ်ပုံတင်ပေးရန် လျှောက်ထားမှသာ ယင်းအခွင့်အရေးကို စိစစ် ခွင့်ပြုပါသည်။

## LBLR အရ LHR လျှောက်ထားခွင့်ပြုခြင်း

Lower Burma Land and Revenue Act section 15 ၌ ဖော်ပြထားချက်ကို ကြည့်ပါမည်။

ပုဒ်မ ၇ အရ LHR ရရှိသည်ဟု မှတ်ယူနိုင်သူသည် ...may apply to the Revenue Officer to record in a register to be provided for this purpose, a declaration of such status having been so acquired ... ဟု ပြဋ္ဌာန်းထားချက်အရ အခွန်အရာရှိထံ မြေရှင်အဖြစ် ကြေညာ မှတ်ပုံတင် သည့် မှတ်ပုံစာရင်း (Register of Declaration of landholdership) တွင် ထည့်သွင်း မှတ်တမ်း တင်ပေးရန် လျှောက်ထားရပါမည်။ အခွန်အရာရှိက ယင်းလျှောက်ထားမှုအပေါ် သတ်မှတ်ကာလ အတွင်း အစိုးရက ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ ကန့်ကွက်လွှာ ခေါ်ယူခြင်း၊ လိုအပ် သည့် အချက်အလက် အထောက်အထားများကို စစ်ဆေးခြင်းများ ဆောင်ရွက်၍ မြေရှင်ဆိုင်ရာ အခွင့်အရေး ရသင့်ကြောင်း တွေ့ရှိမှသာ အဆိုပါမှတ်တမ်းတွင် ရေးသွင်းပြီး မြေရှင် ဖြစ်ကြောင်း ကြေညာချက် သက်သေခံလက်မှတ် (certificate of the record of declaration) ကို လျှောက်ထား သူထံ ထုတ်ပေးမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထိုသို့ မြေရှင်ဆိုင်ရာ အခွင့်ရသူအဖြစ် မှတ်တမ်းတင်ထားရှိမှုကိုလည်း ရေးသွင်းသည့်နေ့မှ ၅ နှစ်အတွင်း ယင်းသို့ မြေရှင်အဖြစ် ကြေညာပေးခဲ့မှုသည် မှားယွင်းသည်ဟု အခွန်တော်အရာရှိက


mgyoe.com

mgyoe.com


စိစစ်တွေ့ရှိရပါက ပြန်လည် ဖျက်သိမ်းနိုင်သည်ဟု အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေ ပုဒ်မ ၁၆ တွင် ပြဌာန်းထားပါသည်။

ပုဒ်မ ၁၇ တွင်မူ ပိုင်ဆိုင်မှုအတွက် အမှုအခင်းအဖြစ် တရားရုံးတော်သို့ ရောက်ရှိပါက အခွန်အရာရှိက သတ်မှတ် ပြဌာန်းချက်များနှင့်အညီ ပုဒ်မ ၁၅ အရ မှတ်တမ်းတင်ထားသော ပိုင်ဆိုင်မှု မှတ်တမ်း (Register of Declaration of Landholdership) တွင် ၅ နှစ်အတွင်း ပြင်ဆင်ထားမှု ရှိ မရှိအရ အခွန်အရာရှိ၏ တင်ပြချက်အတိုင်း ဆုံးဖြတ် စီရင်ရန်ဟု ဖော်ပြထားပါသည်။ အဆိုပါ မြေရှင်ဆိုင်ရာဆိုင်ခွင့် မှတ်တမ်းတင်သည့်နေ့မှစ၍ ၅ နှစ်အတွင်းတွင်သာ အခွန်အရာရှိအနေဖြင့် ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်း ပြုထားနိုင်မှုသည် အရေးကြီးပါသည်။ For only within 5 years from the dated of declaration has been recorded under section 15 ဆိုသော စကားရပ်သည် အမြဲတမ်း ဆောင်ရွက်ခွင့်၊ ပယ်ဖျက်ခွင့် ပေးထားခြင်း မဟုတ်ပါ။ Revenue Officer (D.C) may not cancel on recorded declaration for anytime ဟု သိစေလိုပါသည်။

LBLR ပုဒ်မ ၇ ၌ မြေရှင်အခြေအနေ ရရှိကြောင်း မှတ်ယူရမည်ဟု ဖော်ပြထားရုံနှင့် အလိုလို မြေရှင် မဖြစ်ပါ။ မြေရှင်အဖြစ် စာရင်းသွင်း ကြေညာပေးရန် လျှောက်ထား၍ မှတ်ပုံစာအုပ်တွင် မှတ်တမ်းဝင်မှ မြေရှင်အခွင့်အရေး ရပါမည်။ လျှောက်တိုင်းလည်း ရချင်မှရပါမည်။ သတ်မှတ် နည်းဥပဒေများနှင့်အညီ စစ်ဆေးပြီး အခွန်တော်အရာရှိထံက မှန်ကန်သည်ဟု သဘောရရှိမှသာ မြေရှင် ဖြစ်ကြောင်း Declaration ထုတ်ပြန်ပေးခြင်း၊ မှတ်တမ်းတင်ခြင်း ခံရပါမည်။ ရပြီး ၅ နှစ် အတွင်း ပြန် မပယ်ဖျက်ပါမှလည်း ပိုင်ဆိုင်မှုစာရင်း တရားဝင် ပေါက်ပါမည်။

အထက်က ပြဆိုချက်သည် စိုက်ပျိုးမြေများ၏ မြေရှင်အခွင့်အရေးအတွက် အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေ ပုဒ်မ ၁၅ ပြဌာန်းချက်သာ ဖြစ်ပါသည်။ အင်္ဂလိပ်တို့ ပြဌာန်းခဲ့သော မြေရှင်အခွင့်အရေးသည် အော်တိုမက်တစ် ရရှိစေရန် ပြဌာန်းထားခြင်း မဟုတ်ပါ။ ခလုတ်ကလေး များ ပါနေခဲ့ရာ ယင်းခလုတ်များ မနှိပ်ဘဲနှင့်တော့ တံခါး မပွင့်ပါ။

အထက်က ပြဌာန်းချက်များသည် စိုက်ပျိုးမြေများအတွက် LHR သတ်မှတ်ချက် ဖြစ်ရာ အောက်မြန်မာပြည် မြို့မြေအတွက် မည်သို့ LHR သတ်မှတ်ထားသည် ဆိုခြင်းကို ဆက် ရှင်းပြပါမည်။


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၂)

# မြို့မြေ/ရွာမြေအတွင်း လက်ရှိထားပိုင်ခွင့်ရ အခွင့်အရေး ရရှိခြင်း

အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ တို့ပါ ပြဋ္ဌာန်းချက်များအရ landholder's right ပြဋ္ဌာန်း ကြေညာ မှတ်တမ်းတင်ပါသည်။ ယင်းမြေအမျိုးအစားကို အောက်မြန်မာပြည်၌ မြေပိုင်ဆိုင်မှုစာရင်း ကောက်ယူသည့်အခါ Tenure Enquiry ပြုလုပ်ရာတွင် မြေပိုင်ဆိုင်မှု အမျိုးအစားများ (Various kinds of tenures list) စာရင်း၌ လက်ဝယ်ထားပိုင်ခွင့်ရမြေ LHR များကို land held under landholder's right ဟု tenure အမျိုးအစားတစ်မျိုးအဖြစ် ခွဲခြားမှတ်သား စာရင်းပြုစုရပါသည်။ အထက်မြန်မာပြည်ရှိ မြေပိုင်ဆိုင်ခွင့် အမျိုးအစားများ၌မူ LHR မပါဝင်ပါ။ LBTVL ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ တို့သည် အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေ LBLR ပုဒ်မ ၁၅ နှင့် စကားရပ် တူညီကြသည့်အပြင် LBTVL ပုဒ်မ ၁၄ သည် LBLR ပုဒ်မ ၁၆ နှင့်လည်းကောင်း၊ LBTVL ပုဒ်မ ၁၅ သည်လည်း LBLR ပုဒ်မ ၁၇ နှင့်လည်းကောင်း စကားရပ်သဘောသွား တူညီကြပါသည်။


Lower Burma Town and Village Lands Act ပုဒ်မ ၁၂ တွင် မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မ ၉ အတိုင်း မြေကို လက်ရှိထားလာသည် ဖြစ်ခြင်းအရ မြေရှင်ဆိုင်ရာဆိုင်ခွင့် LHR ရရှိလိုသူသည် မြေကို လက်ရှိထားပိုင်ခွင့်၊ မြေရှင်ဆိုင်ရာ အခွင့်အရေး ရရှိသူ ဖြစ်ကြောင်း ပြဋ္ဌာန်းကြေညာ၍ ROLL OF PERSONS DECLARED LANDHOLER IN TOWN and WARD (Land Revenue I / L.B.Land Roll 1 Form) ၌ မှတ်ပုံတင်ပေးရန် အခွန်အရာရှိ (Deputy Commissioner / Sub divisional Officer) ထံသို့ လျှောက်ထားနိုင်ပါသည်။ (Any person in possession of any land at Town and Village may apply to Revenue Officer to record in a roll of declaration that to be acquired the right of a landholder in respect of the land situated in ..... ward /..... block/street of .... town /..... village.)



mgyoe.com


mgyoe.com SAMPLE BOOK


အခွန်အရာရှိမှ ပုဒ်မ ၁၃ အရ အများပြည်သူ သိရှိရန် Notice ထုတ်ခြင်း၊ လိုအပ်သည့် စုံစမ်း စိစစ်ခြင်းများ ပြုလုပ်၍ လျှောက်ထားမှုအပေါ် ကျေနပ်သဘောတူပါက မြေကို လက်ရှိထား ပိုင်ခွင့် အခွင့်အရေး ရရှိပြီး ဖြစ်ကြောင်း ကြေညာချက်ကို ROLL OF PERSONS DECLARED LAND HOLDER Register တွင် လျှောက်ထားသူကို Recorded မှတ်တမ်းတင်ပေးရသည်။ လျှောက်ထားသူ တောင်းဆိုပါက သက်သေခံလက်မှတ် လက်ခံ တစ်စောင် (certified copy of declearation) ကို ပေးအပ်ရန် ဖြစ်သည်။


LAND REVENUE I
L.B. Land Roll I
ROLL OF PERSONS DECLARED LANDHOLDERS IN
Town . Ward *
(Section 12, Lower Burma Town and Village Lands Act)

| Serial No. | Description of land. | | | Date of declaration. | Persons declared landholders. | | | Number and year of proceedings. | Initials of Revenue Officers. | Remarks. |
|---|---|---|---|---|---|---|---|---|---|---|
| | Block. | Lot. | Area. | | Name. | Father's Name. | Residence. | | | |
| (1) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) | (10) | (11) |
| | | | | | | | | | | |

Six entries only should be made on each page.
* Prescribed by Financial Commissioner's Notification No. 7, dated the 31st January 1902.




mgyoe.com

mgyoe.com


L. R. II—L. B. CERTIFICATE 1.

**Certificate of Declaration of Landholdership.**

(*Rule* 133.)

CERTIFIED that the declaration of acquisition of landholder status, of which a copy is on the reverse, was recorded on the 19 , at page of Volume of the Register prescribed under the Land and Revenue Act.

Proceeding No. of 19 —19 of the District Revenue Office of—

*Kwin* No.

Area acres, decimals

(*Burmese translation of above.*)

(Signature)

(Designation)

(ON REVERSE.)

*Copy of a declaration of Landholdership* (*Form L.R.I—L.B. Land Register 2.*)

(P. True Copy.)

(Signature)

(Designation)

L.R.II–L.B. CERTIFICATE I.
မြေခွန် ၂– အောက်ပိုင်း၊ သက်သေခံလက်မှတ် ၁။

 မြေရှင်ဖြစ်ကြောင်းပြဌာန်းချက်သက်သေခံလက်မှတ်၊
[နည်းဥပဒေ ၁၃၃။]

ကျောဘက်တွင်ပါရှိသည့် လက်ခံအပိုင်းဖြစ်သော မြေရှင် အဖြစ်သို့ ရောက်ကြောင်းပြဌာန်းချက်ကို ၁၉ရ၆ ခုနှစ်၊ မြေယာနှင့် အခွန်အကော်ဥပဒေအရ သတ်မှတ်သည့်မှတ်ပုံစာအုပ် ............... တွဲ၊ စာမျက်နှာနံပါတ် ............ တွင် ၁၉......... ခုနှစ်၊ ............ လ .................. ရက်နေ့က ရေးမှတ်တင်သွင်းပြီးကြောင်း သက်သေခံ လက်မှတ် ပေးအပ်သည်။

.............. စီရင်စုနယ်အခွန်ရုံး ၁၉..... –၁၉ .... ခုနှစ် ဆိုင်ရာအမှုတွဲနံပါတ်။

ကွင်းနံပါတ်။ ။

ဧရိယာ ဧက။ ဒသမ။

(လက်မှတ်)



mgyoe.com

mgyoe.com SAMPLE BOOK


LBTVL ပုဒ်မ ၁၄ သည် LBLR section 16 ပြဋ္ဌာန်းချက်အတိုင်းပင် ဖြစ်သည်။ မြေရှင်ဆိုင်ရာ ဆိုင်ခွင့် ရသူ ဖြစ်ကြောင်း ကြေညာချက်ကို ROLL OF PERSONS DECLARED LAND-HOLDERSHIP မှတ်ပုံစာရင်းတွင် ပုဒ်မ ၁၃ အရ ရေးသွင်း မှတ်ပုံတင်သည့်နေ့မှ ငါးနှစ်အတွင်း မှားယွင်း ရေးသွင်းကြောင်း အခွန်အရာရှိ စိစစ်တွေ့ရှိပါက ပြန်လည် ဖျက်သိမ်းနိုင်ကြောင်း ဖော်ပြထားချက် ဖြစ်သည်။

If, within five years from the date on which a declaration has been recorded under the last forgoing section, the Revenue-Officer is satisfied that it is erroneous, he may cancel it: အကယ်၍ ငါးနှစ်အတွင်း LHR အဖြစ် စာရင်းသွင်း ကြေညာ၍ မှတ်ပုံတင် declaration recorded ထားခြင်းကို မှားယွင်းမှုအရ ပြင်ဆင်ပယ်ဖျက်ခဲ့ခြင်း မရှိပါက ၎င်းမှတ်ပုံစာရင်းပါ တည်ရှိနေသည့် ကြေညာ မှတ်ပုံတင်ချက်များနှင့် ကွဲလွဲသော၊ မကိုက်ညီသော နောက်ထပ် ကြေညာချက်ကို ယင်းမှတ်ပုံစာရင်းတွင် အသစ်ပြင်ဆင်ခြင်း၊ မှတ်ပုံတင်ခြင်း no fresh declaration inconsistent in the roll မပြုလုပ်ရတော့ကြောင်း ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်၍ LHR ရသူ ဖြစ်ကြောင်း မှတ်တမ်းတင်ထားသော ကြေညာချက် မှတ်ပုံစာရင်း ရေးသွင်းချက်ကို အခွန်အရာရှိအနေဖြင့် ပြဋ္ဌာန်းကြေညာ မှတ်ပုံတင်သည့်နေ့မှ ငါးနှစ်အတွင်းသာ ပြင်ဆင်ပယ်ဖျက်နိုင်၊ ကြေညာချက်အသစ် ရေးသွင်းနိုင်ပါသည်။ ကြေညာပြီး ငါးနှစ်ကျော်ပါက ယင်းမှတ်တမ်းကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးသွင်းခြင်း မပြုလုပ်နိုင်ပါ။ ဆိုလိုသည်က any such declaration remains on the roll un-cancelled within five years from the Date of declaration, no fresh declaration inconsistent to record in that Roll. ဖြစ်ပါသည်။ ကြေညာ မှတ်ပုံတင်ထားသော LHR ကို ငါးနှစ်အတွင်း ပြင်ဆင် ဖျက်သိမ်းမှု ပြုလုပ်ရာ၌လည်း Notice ထုတ်ဆင့် ကြေညာပြီးမှသာ ဆောင်ရွက်ခွင့် ရှိပါသည်။

ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တွင် အရေးကြီး သတိမူရမည့်အချက်သည် any such declaration remains on the roll un-cancelled within five years from the Date of declaration, no fresh declaration inconsistent to record in that Roll. (လက်ရှိထားပိုင်ခွင့် ရကြောင်း ကြေညာချက်ကို မှတ်ပုံတင်သွင်းသည့်နေ့ရက်မှ ငါးနှစ်အတွင်း ပယ်ဖျက်ခြင်း မရှိပါက ထိုကြေညာချက်နှင့် မကိုက်ညီသည့် နောက်ထပ်ကြေညာချက်ကို မှတ်တမ်းတင်ခြင်း မပြုနိုင်ကြောင်း) စကားရပ်ကို ကောင်းစွာ နားလည်သဘောပေါက်ရန် ဖြစ်ပါသည်။ LHR ရသူအဖြစ် recorded in Roll of Persons declared Landholders မှတ်ပုံစာရင်းသို့ မူလရေးသွင်းထားသူအမည်ကို Cancel ပယ်ဖျက်ခြင်း၊ အခြားတစ်ဦးတစ်ယောက်ကို ပြင်ဆင်ကြေညာခြင်း (fresh declaration) ပြုလုပ်ခြင်းကို ကြေညာမှတ်ပုံတင်ပြီး ငါးနှစ်အတွင်းသာ အခွန်အရာရှိက ဆောင်ရွက်နိုင်ခွင့် ရှိရာ Roll of L.H.R ၌ မှတ်ပုံတင်ထားသော ကြေညာခဲ့သည့် နေ့ရက်ထက် ကာလကြာမြင့်စွာ လွန်ပြီ ဖြစ်သော ယနေ့ကာလတွင် အခွန်အရာရှိက ပြင်ဆင်နိုင်ခွင့် ရှိမည် မဟုတ်တော့သည်ကို သတိပြုရပေမည်။


mgyoe.com

mgyoe.com
SAMPLE BOOK


ထိုအခါ LHR ရမြေများကို အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေ၊ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ၊ မြေစာရင်းလက်စွဲ ဥပဒေများအရ မြို့မြေပိုင်ဆိုင်ခွင့် အဆင့်ဆင့် ပြောင်းလဲလာမှုကို မည်သို့ မှတ်တမ်းတင် ထိန်းသိမ်းလာရသည် ဆိုသည့်သဘောတရားများ၊ လုပ်ငန်းစဉ်များအရ သုံးသပ်ဆောင်ရွက်မှသာလျှင် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်အတွက် ဆုံးဖြတ်ဆောင်ရွက်ရာတွင် တရားသေသဘော မဖြစ်ဘဲ မျှတ မှန်ကန်သော စီရင်နိုင်မှု ပြုနိုင်မည် ဖြစ်သည့်အပြင် အဘယ်ကြောင့် မြေစာရင်းဌာန၏ (၁-က) ဦးပိုင်မှတ်ပုံစာရင်းတွင် LHR tenure ရရှိ ဦးပိုင်များ၏ mutation များကို နေ့အထိ မှန်ကန်စွာ ရှိနေစေရန် ပြောင်းလဲ ရေးသွင်းရသည်ကို နားရှင်းမည် ဖြစ်ပါသည်။

LBTVL ပုဒ်မ ၁၅ (၁) တွင် တရားရုံးရှေ့သို့ မြေတစ်စုံတစ်ရာနှင့် စပ်လျဉ်းပြီး လက်ရှိထားပိုင်ခွင့် (Landholder's right) ရရှိပြီး မပြီး အငြင်းပွားမှု ပေါ်ပေါက် ရောက်ရှိလာပါက ထိုသို့သော အခွင့်အရေး ရရှိပြီး ဖြစ်ကြောင်း အမှု မဖြစ်မီ (before the commencement of such proceeding) ငါးနှစ်ထက်မနည်းသော ကာလက အခွန်အရာရှိက ကြေညာ မှတ်တမ်းတင်ထားပြီး ဖြစ်သည့်အပြင် ပယ်ဖျက်ခြင်းလည်း မရှိသေးပါက တရားရုံးက ယင်းကြေညာချက်နှင့်အညီ အဆုံးအဖြတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၅ တွင် ဖော်ပြထားသည့် အမှု မဖြစ်မီ ငါးနှစ်ထက် မနည်းသောကာလက အခွန်အရာရှိက မှတ်တမ်းတင်ထားသည့် ကြေညာချက် ဆိုသည်က ပုဒ်မ ၁၂ မှ ပုဒ်မ ၁၄ အထိ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ထားသည့် ROLL OF PERSONS DECLARED LANDHOLERSHIP ပါ declared ပြုလုပ် မှတ်တမ်းတင်ထားမှု ကြေညာချက် ဖြစ်ပါသည်။

ပုဒ်မ ၁၅ (၂) တွင် အကယ်၍-

- LHR အဖြစ် မှတ်တမ်းတင်ထားခြင်း မရှိခဲ့သော် သို့မဟုတ် မှတ်တမ်း ပြုလုပ်ထားသော်လည်း ယင်းကြေညာချက်သည် ယခု အမှုမဖြစ်မီ ငါးနှစ် မကြာမီ ကာလက ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊
- သို့မဟုတ် မှတ်တမ်းတင် ရေးသွင်းချက်ကို ပြင်ဆင်ပယ်ဖျက်ထားလျှင်သော်လည်းကောင်း

ယင်းကိစ္စအတွက် LHR အခွင့်အရေး ဆုံးရှုံးကြောင်း၊ မဆုံးရှုံးကြောင်း အငြင်းထွက်ပါက အခွန်အရာရှိထံ စိစစ် မေးမြန်းရ၍ အခွန်အရာရှိ၏ သဘောထားမှတ်ချက်အရ ဆုံးဖြတ်ရန် ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုသို့ အခွန်အရာရှိ၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အထက်အခွန်တော် အရာရှိများထံ အယူခံဝင်ပါက တရားရုံးသည် စီရင်ချက် မချမှတ်ရသေးဘဲ စောင့်ဆိုင်းရပါသည်။

LBTVL ပုဒ်မ ၁၅ ပြဋ္ဌာန်းချက်များသည် စိတ်ဝင်စားဖွယ်ကောင်းပါသည်။

ပုဒ်မ ၁၅ ပါ စကားရပ်များအပေါ် သုံးသပ်ရှုမြင်ရာတွင် ဥပဒေပါ စကားရပ်တစ်ခုသည် အမြဲတမ်း မှန်ကန်နေခြင်း (absolute truth) မဖြစ်နိုင် ဟူသော စာရေးသူ၏ ခံယူချက်ကို ပိုမိုခိုင်မြဲစေပါသည်။ 1894 Land Acquisition Act ပုဒ်မ ၄ တွင် 'အစိုးရအနေဖြင့် မည်သည့်အရပ်ဒေသတွင် ရှိသော မြေကိုမဆို အများပြည်သူအကျိုးငှာ ရယူရန် လိုအပ်လာပါက မြေသိမ်းဥပဒေနှင့်အညီ


mgyoe.com

mgyoe.com SAMPLE BOOK

ပြန်တမ်း ၄ (၁) ထုတ်ပြန်၍ မြေ အလိုရှိကြောင်း အသိပေး ကြေညာနိုင်ကြောင်း'ဟု ပြဋ္ဌာန်းခဲ့သော်လည်း ၁၉၅၃ ခုနှစ် လယ်/နိုင် အက်ဥပဒေ ပေါ်ပေါက်လာသောအခါတွင် လယ်ယာမြေဖြစ်ပါက ပြန်တမ်း ၄ (၁) ကို လန-၃၉ ခွင့်ပြုချက် ရယူပြီးမှသာ ထုတ်ပြန်ရန် ဘဏ္ဍာတော်မင်းကြီးရုံးက ညွှန်ကြားခဲ့ရသည်ကို တွေ့ရသကဲ့သို့ မြေနှင့်အခွန်တော် ဥပဒေများအရ Tenure Status တွင် မြေပိုင်ဆိုင်ခွင့်များကို မှတ်တမ်းတင်ခဲ့ရာ ၁၉၅၃ လယ်/နိုင်ဥပဒေအရ တောကွင်းလယ်ယာမြေများ၏ ပိုင်ဆိုင်မှုများ၊ ပြောင်းလဲမှုများကို မြေတိုင်းစာရေးက ယခင်ကဲ့သို့ BLM အရ လွှဲပြောင်းမှတ်တမ်းတင်ခွင့် မရှိတော့ဘဲ 1.A Register ဦးပိုင်အတ္ထုပ္ပတ္တိ မှတ်ပုံစာရင်းများ အမှုတွဲခန်းသို့ အပ်နှံလိုက်ရပြီး သီးခြားအမိန့် ရရှိမှသာ ထုတ်ယူခွင့် တောင်းခံ ပြင်ဆင်ရသည်များ ဖြစ်လာသည်ကိုလည်း တွေ့ရပါသည်။

ဆိုလိုသည်က ဥပဒေတစ်ရပ်သည် ခေတ်၊ စနစ်၊ အချိန်ကာလများ ပြောင်းလဲလာမှုအပေါ်တွင် လိုက်လျောညီထွေ ဖြစ်ရန် ပြင်ဆင်ပြောင်းလဲမှုများအရလည်းကောင်း၊ ထပ်မံ ညွှန်ကြားချက်အသစ်များအရလည်းကောင်း မူလဥပဒေပါ စကားရပ်များ၏ ဖော်ပြချက်နှင့် ကွဲလွဲသော ဆောင်ရွက်ရမှုများ ဖြစ်လာတတ်သည်ကို လက်မခံချင်သော်ငြား လက်ခံရမည် ဖြစ်သည်။

ခေတ်၊ စနစ်နှင့် ဆီလျော်စွာ မပြင်ဆင်သည့်အခါ (မပြုနိုင်သည့်အခါ) လက်တွေ့ဖြစ်ရပ်များနှင့် ဥပဒေ ပြဋ္ဌာန်းချက်ပါ စကားရပ်များ ကွာဟလာတတ်ပါသည်။ ဥပဒေစကားရပ်ကိုသာ ဒန်သေတစ်သမတ်တည်း ယူဆ ဖွင့်ဆိုပါက အမှုသည်များ၌ နစ်နာမှုများ ကြုံရတတ်သည်ကိုလည်း တွေ့ရသည်။ ဥပမာအားဖြင့် ၂၀၁၂ လယ်ယာမြေ ဥပဒေ ပြဋ္ဌာန်းစဉ်က လယ်ယာမြေ လုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းများအတွက် ပုဒ်မ ၁၈ ပါ ဒေသန္တရ တန်ဖိုးဖြတ်အဖွဲ့ကို ဗဟိုလယ်စီက ဥပဒေ ပြဋ္ဌာန်းချက်အတိုင်း တာဝန်ပေး ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသော်လည်း မဆောင်ရွက်ခဲ့ပါ။ ၂၀၁၉ ရောက်မှသာ ညွှန်ကြားချက် (၂/၂၀၁၉) ဖြင့် ညွှန်ကြား၍ လယ်ယာမြေ လုပ်ပိုင်ခွင့် လွှဲပြောင်းမှုများအတွက် စာချုပ်ချုပ်ဆို မှတ်ပုံတင်ရန် လုပ်ငန်းလမ်းညွှန်ချက်များကို ဆက်လက် ညွှန်ကြားမှုအရ လယ်ယာမြေ ဥပဒေပုဒ်မ ၉ (ခ) ပါ အခွင့်အရေးများကို ၂၀၁၉ မေလ ၁၆ ရက် နောက်ပိုင်းတွင်မှ တောင်သူများ တရားဝင် ခံစားခွင့် ရလာပါသည်။ ၂၀၁၂ မှ ၂၀၁၉ အကြား ပုဒ်မ ၉ (ခ) အရ လယ်ယာမြေ လွှဲပြောင်းမှုများကို ပုဒ်မ ၁၂ (ဂ)၊ နည်းဥပဒေ ၂၄ (က) (ခ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မဆောင်ရွက်နိုင်ခဲ့ကြဘဲ illegally transaction များသာ ဖြစ်ခဲ့ရသည်။ သို့သော် အမှုအခင်း ဖြစ်၍ တရားရုံးသို့ စာချွန်တော် တက်ရာတွင် တရားရုံးတော်က ယင်းလုပ်ပိုင်ခွင့် လွှဲပြောင်းလက်ခံမှုများသည် ပုဒ်မ ၁၂၊ နည်း ၂၄ နှင့်အညီ ဆောင်ရွက်ထားခြင်း မရှိသည့်အတွက် အဆိုပါ လယ်ယာမြေ လွှဲပြောင်းခဲ့ခြင်းများ တရားမဝင်ကြောင်း ဆုံးဖြတ် စီရင်ပါသည်။

ဥပဒေ ပြဋ္ဌာန်းချက်ပါ စကားရပ်များနှင့်အညီ ပုဒ်မ ၁၂ (ဂ)၊ နည်းဥပဒေ ၂၄ (က)၊ ၂၄ (ခ) အရလည်းကောင်း၊ နည်း ၂၅ အရလည်းကောင်း မဆောင်ရွက်ခြင်း မှန်ပါသည်။ ထိုကာလ ၂၀၁၂ မှ ၂၀၁၉ အကြားတွင် မြန်မာတစ်ပြည်လုံး၌ ပုဒ်မ ၁၈ ပြဋ္ဌာန်းချက်နှင့်အညီ ဗဟိုလယ်စီက ဒေသန္တရ မြေတန်ဖိုး သတ်မှတ်ရေးအဖွဲ့များ ဖွဲ့စည်းမှု မပြုပေးခြင်း၊ နည်း ၂၄၊ ၂၅ ဆိုင်ရာ ညွှန်ကြားချက်များ


mgyoe.com

mgyoe.com
SAMPLE BOOK


မထုတ်ပြန်ခြင်းတို့အရ ပုဒ်မ ၂၄ ပြဋ္ဌာန်းချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းများကို တရားဝင်စာချုပ် ချုပ်ဆိုခြင်း၊ မှတ်ပုံတင်နိုင်ခြင်း၊ ပုဒ်မ ၂၅ အရ အမည်ပြောင်းလဲခြင်း ပြုလုပ်ခွင့် မရှိခဲ့ခြင်း သို့မဟုတ် ပြုလုပ်ရန် အခွင့်အရေး လုံးဝ ပေးမထားခြင်းကိုမူ ထည့်သွင်းသုံးသပ် စီရင်ခြင်း မရှိပါ။ ၂၀၁၂ မှ ၂၀၁၉ အကြား ကာလတစ်ရပ်၌ လယ်ယာမြေ လွှဲပြောင်းမှုများတွင် တရားဝင် လွှဲပြောင်း ချုပ်ဆို မှတ်ပုံတင်ခဲ့သည့် လယ်ယာမြေ လွှဲပြောင်းမှုများ မရှိရခြင်း အကြောင်းရင်းကို ထည့်သွင်း မစဉ်းစားဘဲ ဥပဒေပါ စကားရပ်တစ်ခုတည်းအပေါ် ဒန်သေ တစ်သမတ်တည်း ယူဆ ကောက်ချက်ချမှုအရ ကာယကံရှင်များ နစ်နာဆုံးရှုံးမှု ရှိခဲ့သည်ကို တွေ့ခဲ့ရမည် ဖြစ်သည်။

LBTVL ပုဒ်မ ၁၅ (၁) ပြဋ္ဌာန်းချက်သည် ယင်းပုဒ်မပါ စကားရပ်များအတိုင်း တရားသေယူဆ ဆောင်ရွက်ရန် မသင့်လျော်ဘဲ ဆင်ခြင်တုံတရားဖြင့် စိစစ်ဆောင်ရွက်ရမည့်အချက်ဟု စာရေးသူက မှတ်ယူပါသည်။ အဘယ်ကြောင့်ဆိုသော် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေ ပုဒ်မ ၁၃ အရ မြေရှင်ဆိုင်ရာဆိုင်ခွင့် ရရှိသူ ဖြစ်ကြောင်း ပြဋ္ဌာန်းကြေညာ၍ မြေရှင်ဆိုင်ရာဆိုင်ခွင့် ရရှိသူများစာရင်း ROLL OF PERSONS DECLARED LANDHOLER in Town and Village မှတ်ပုံစာရင်းတွင် Register လုပ်ပေးပြီး မြေရှင်ဆိုင်ရာ အခွင့်အရေး ရသူ ဖြစ်ကြောင်း သက်သေခံ လက်မှတ် ထုတ်ပေးခဲ့ခြင်းသည် အောက်မြန်မာနိုင်ငံ၌ ဒုတိယကမ္ဘာစစ် မတိုင်မီ ၁၉၃၉ ခုနှစ်ခန့်ထိ သာ ထုတ်ပေးခဲ့၍ စစ်အတွင်းကာလနှင့် လွတ်လပ်ရေး ရပြီးနောက်ပိုင်း၌ LHR ထုတ်ပေးခြင်း မပြုတော့ကြောင်း သိရပါသည်။ စစ်မဖြစ်မီကာလက ထုတ်ပေး မှတ်တမ်းတင်ခဲ့သော LHR များသည် ယနေ့အထိ ဆိုပါက နှစ် ၈၀ ကျော် သက်တမ်း ရှိနေကြပြီး ယင်းအပေါ် ပြင်ဆင်ခြင်း၊ အသစ် ထပ်မံ ထုတ်ပေးခြင်း မရှိတော့သည်ကလည်း ထိုမျှဝန်းကျင် သက်တမ်းရှိနေပါပြီ။

ထိုအခါ လက်ရှိထားပိုင်ခွင့် ရသူအဖြစ် Declared ရေးသွင်းပြီး ငါးနှစ်ကျော်သည်နှင့် အဆိုပါ မြို့/ကျေးရွာအတွင်း လက်ရှိထားပိုင်ခွင့် ရသူအဖြစ် ကြေညာခံရများစာရင်း (ROLL OF PERSONS DECLARED LANDHOLDER IN TOWN / WARD) တွင် ပယ်ဖျက်ခြင်း၊ ပြင်ဆင် ရေးသွင်းခြင်းများ (no fresh declaration inconsistent to record in that Roll) ပြုလုပ်ခွင့် မရှိ တော့သည့်အတွက် ယခုကာလကဲ့သို့ ကြေညာ မှတ်ပုံတင်ပြီး ငါးနှစ်မျှ မဟုတ်ဘဲ လွန်ခဲ့သော နှစ် ၈၀ ဝန်းကျင်ကပင် မှတ်ပုံတင်ခဲ့သော L.H.R tenure ရသူများ၏ ခေတ်ကာလ အသီးသီးတွင် ပိုင်ဆိုင်ခွင့် အဆင့်ဆင့် အပြောင်းအလဲ ဖြစ်စဉ်များကို မူလစာရင်းတွင် မူလခွင့်ပြုသူ အခွန်အရာရှိ ပြင်ဆင်ခွင့် မရှိသည်က ဥပဒေအရ အထင်အရှား ဖြစ်နေပါသည်။ 1.A ရှိ L.H.R Tenure ရထား သော ဦးပိုင်၌ လက်ရှိအမည်ပေါက်နေသူသည် ပုဒ်မ ၁၃ အရ L.H.R ရသူအဖြစ် မှတ်တမ်းတင် ခဲ့သော ပုဂ္ဂိုလ်၏ အမည်တို့ မတူညီနိုင်ပါ။ အဆိုပါ ဦးပိုင်၏ ပိုင်ဆိုင်ခွင့်ရသူစာရင်းကို နေ့အထိ မှန်ကန်စေရန် မည်သည့် ပြဋ္ဌာန်းချက်၊ ညွှန်ပြချက်များအရ မည်သို့ ပြင်ဆင်မှတ်သား စာရင်း ထိန်းသိမ်းလာခြင်းဖြင့် တည်ဆဲနေ့အထိ လက်ရှိဖြစ်သူ၏ အမည်ကို မည်သို့ ပြောင်းလဲ မှတ်သားထား ရသည်ကို သိသင့်ပါသည်။ ထိုအကြောင်းအရာအတွက် မြို့မြေပိုင်ဆိုင်မှုစာရင်း [Town Land Roll (TLR)] ပြုစုခြင်းမှစ၍ ရှင်းပြရပါမည်။

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၃)

## LHR ရသူများ၏ ပိုင်ဆိုင်ခွင့် အပြောင်းအလွဲ

Roll of persons declared Landholders in Towns မြို့မြေအတွင်းရှိ လက်ရှိထားပိုင်ခွင့် (LHR) အခွင့်အရေးရသူများ မှတ်ပုံစာအုပ်တွင် LBTVL Act ပုဒ်မ ၁၃ အရ မှတ်တမ်းတင်ခဲ့သော LHR ရရှိသူများ စာရင်းသည် ကြေညာ မှတ်ပုံတင်ပြီး ငါးနှစ် ကျော်လွန်ပါက ယင်းစာရင်းအပေါ်တွင် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ယင်းမြေပိုင်ရှင်နေရာ၌ အသစ်ကြေညာ ထည့်သွင်းခြင်း မပြုရတော့သည်ကို အထက်တွင် တင်ပြခဲ့ပါသည်။ ပုဒ်မ ၁၂ အရ လျှောက်ထားခြင်း၊ ပုဒ်မ ၁၃ အရ ခွင့်ပြုပြဌာန်းကြေညာပေးခြင်း၊ ပုဒ်မ ၁၄ အရ ငါးနှစ်အတွင်း အမှား တွေ့ရှိပါက ပြင်ဆင် ပယ်ဖျက်ခြင်းတို့သည် ချိတ်ဆက်နေသည့် chain reaction ဖြစ်ပါသည်။ ဥပဒေ ပြဌာန်းထားသည့်အတိုင်း ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ အရ LHR လျှောက်ထားမှုကို နေ့အထိ ခွင့်ပြုခြင်း၊ လက်ရှိအခြေအနေအထိ LHR ပေးနေခြင်းများ နေ့အထိ စဉ်ဆက်မပြတ်ရှိနေပါမူ ငါးနှစ်အတွင်း ပြင်ဆင်ပယ်ဖျက်မှုများ၊ fresh declaration များကိုလည်း နေ့အထိ ဆောင်ရွက်နေနိုင်မည် ဖြစ်ပါသည်။

သို့ရာတွင် မူလ မြို့မြေအတွင်း၌လည်းကောင်း၊ တိုးချဲ့မြို့ပြရပ်ကွက်များတွင်လည်းကောင်း LHR လျှောက်ထားမှုများကို ယနေ့ကာလ၌ ခွင့်မပြုတော့သကဲ့သို့ LHR ကြေညာ သတ်မှတ်ပေးမှုများသည်လည်း ၁၉၄၀ ဝန်းကျင်မှသည် ယနေ့ထိ မရှိတော့ပါ။ ထိုအခါ Roll of persons declared Landholders မှတ်ပုံစာရင်း၌ လွန်ခဲ့သည့် နှစ် ၈၀ ဝန်းကျင်က မှတ်တမ်းတင်ခဲ့သော မူလရေးသွင်းမှုများသည်သာ ကြေညာပြီး ငါးနှစ်ကာလထက် များစွာ ကျော်လွန်နေသည့်အလျောက် အခွန်အရာရှိ၏ ပြင်ဆင်ပြောင်းလဲခြင်း မရှိနိုင်တော့ဘဲ such declarations still remain on the roll of landholdership မြေကို လက်ရှိထားခွင့်ရသူများစာရင်း၌ တည်ရှိနေပါမည်။ မနေ့တစ်နေ့ကစာရင်း မဟုတ်ပါ။ လွန်ခဲ့သော နှစ် ၈၀ ဝန်းကျင်က စာရင်း ရေးသွင်းထားချက် ဖြစ်ပါသည်။ အဆိုပါ လွန်ခဲ့သည့် နှစ်ပေါင်း



mgyoe.com

mgyoe.com


၈၀ က LHR ရသူအဖြစ် မှတ်ပုံတင်ရေးသွင်းချက်များသည် လက်ရှိအခြေအနေတွင် ဥပဒေနှင့်အညီ သို့မဟုတ် အကြောင်းတစ်ရပ်ရပ်အရ အဆင့်ဆင့် ပြောင်းလွဲသွားမှု မရှိနိုင်ပါပြီလော။ ရှိနိုင်ပါသည်။ အဆိုပါမြေသည်လည်းကောင်း၊ မြေလက်ရှိထားပိုင်ခွင့်ရ မှတ်ပုံစာရင်း၌ ရှိသူများသည်လည်းကောင်း လက်ရှိအခြေအနေတွင် ယနေ့အချိန် ကာလထိ မပြောင်းမလဲ တည်ရှိနေပါမည်လား၊ မဖြစ်နိုင်ပါ။ ဤမျှ ကြာမြင့်သော ကာလအတွက် ပုဒ်မ ၁၃ အရ မူလ ရေးသွင်းမှုအတိုင်း မြေပေါ်၌ မတည်ရှိနိုင်ကြတော့ပါ။ Grantee Right, Landholder's Right, Rights acquired by Limitation Act တို့ဖြင့် ဆိုင်ရာဆိုင်ခွင့် ရရှိမှုများမှ တရားဥပဒေနှင့်အညီ ဆက်ခံရမှုများသည် LBTVL ပုဒ်မ ၇ (ဃ) အရ မြေဆိုင်ရာဆိုင်ခွင့် ရရှိမှု ပြောင်းလဲစေပါသည်။

LBTVL ပုဒ်မ ၄ (၁၀) ဖွင့်ဆိုချက်အရ LHR မြေကို လက်ရှိထားပိုင်ခွင့် ရခြင်း၌ လက်ရှိဖြစ်သည့် ယင်းမြေရာကို လက်ရှိထား အသုံးပြုခွင့်၊ လုပ်ကိုင်နေထိုင်ခွင့်၊ အမွေဆက်ခံနိုင်ခွင့်၊ လွှဲပြောင်းပေးအပ်နိုင်ခွင့်များ ပါဝင်နေပါသည်။ ထို့ပြင် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေ ပုဒ်မ ၇ တွင် ဖော်ပြထားသော မြို့နှင့်ကျေးရွာမြေများအတွင်း မြေပိုင်ဆိုင်ခွင့် ရရှိမည့် အချက်များ၏ ပုဒ်မခွဲ (ဃ) ၌ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ ရှိသော အပိုင်ဂရန် အခွင့်အရေး၊ ပုဒ်မခွဲ (ခ) အရ ရရှိသော ကာလစည်းကမ်းသတ် ဥပဒေ (Limitition Act) ဖြင့် ပိုင်ဆိုင်သော အခွင့်အရေး၊ ပုဒ်မခွဲ (ဂ) အရ ရရှိသော Landholder's right အခွင့်အရေးတို့ကို မူလ ပိုင်ဆိုင်သူထံက တရားဥပဒေနှင့်အညီ လွှဲပြောင်းရယူ ပိုင်ဆိုင်ခံစားခွင့်ဟု ပြဋ္ဌာန်းထားချက်အရ မူလ LHR ရသူများထံက စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့်အညီ ချုပ်ဆို မှတ်ပုံတင်၍ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းကို လက်ခံရရှိခြင်းဖြင့်လည်းကောင်း၊ LHR ရသူ၏ အမွေဆက်ခံသူများက ဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့်လည်းကောင်း၊ မြေနှင့်ဆိုင်ရာ အကျိုးခံစားခွင့် လွှဲပြောင်းသွားစေသည့် တရားရုံး၏အမိန့်၊ ဒီကရီ ဆုံးဖြတ်ချက်များအရလည်းကောင်း၊ ပုဒ်မ ၇ (ဃ) အရလည်းကောင်း LHR မြေကို လက်ရှိ ဖြစ်နေသူများသည် ယင်းမြေကို ဆက်လက်အသုံးပြုနေခြင်း၊ အသုံးပြုခွင့် ရရှိနေခြင်းများ ရှိပါသည်။

ထိုအခါ ပုဒ်မ ၁၃ အရ (၎င်းတို့ မမွေးသေးသော လွန်ခဲ့သည့် နှစ် ၈၀ က) မှတ်တမ်းတင်ခဲ့သော Roll of persons declared Landholders စာရင်းတွင် လက်ရှိဖြစ်နေသူ ၎င်းတို့အမည် မပါဝင်ကြောင်း၊ ပုဒ်မ ၁၅ အရ စာရင်းဝင်သူ မဟုတ်ကြောင်း ..... ဟု ဆိုကာ ထိုသူတို့၏ လက်ရှိဖြစ်မှု (in possession or occupancy) အခွင့်အရေးများကို နစ်နာစေပါမည်လား။ လွန်ခဲ့သည့် နှစ် ၈၀ ကတည်းက ယနေ့ထိ လုံးဝ ပြင်ဆင်ခြင်း မပြုရတော့သော ထိန်းသိမ်းထားသည့် roll of landholder's right မှတ်ပုံစာရင်းဟောင်းကို အမှီသဟဲပြု၍ တည်ဆဲဥပဒေနှင့်အညီ လက်ရှိ ဖြစ်သူကို ပုဒ်မ ၁၅ (၁) အရ လက်ရှိထားပိုင်ခွင့် ကြေညာချက် ရပြီးသူ ဟုတ် မဟုတ် ဆုံးဖြတ်ခြင်းသည် ဥပဒေကြောင်းအရ မျှတ မှန်ကန်သော စီရင်ဆုံးဖြတ်ချက် ဖြစ်နိုင်ပါမည်လား ဆိုသည်က စဉ်းစားဖွယ်ရာ ဖြစ်သည်။

သို့ဖြစ်က Roll of Persons declared LHR စာရင်းရှိ အမည်ပေါက်များ၏ ပိုင်ဆိုင်ခွင့် ပြောင်းလဲမှုများကို ပုဒ်မ ၁၃ ပါ ယင်းစာရင်းတွင် ပြင်ဆင်ခြင်း မပြုရသည့်အတွက် ယင်းမြေ၏ Updating



mgyoe.com

mgyoe.com SAMPLE BOOK


Mutations များကို ပုဒ်မ ၁၃ Roll of LHR စာရင်းနှင့် မကိုက်ခြင်းကြောင့် လက်ရှိဖြစ်သူကို အသိအမှတ် မပြုပြီလော၊ LHR မြေကို ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့် ရရှိထားသူများ၌ အခွင့်အရေး နစ်နာဆုံးရှုံးမှု မရှိပြီလော မေးလာပါက ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) ပါ အခွင့်အရေး လွှဲပြောင်းမှု ခံစားခွင့် ရရှိစေရန် LHR မြေများ၏ ပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းများအပေါ် Updating Entry ပြုလုပ်ရသော ပြဋ္ဌာန်းချက်များ၊ နည်းလမ်းများ ရှိပြီး ဖြစ်သည်ဟု ဖြေရပါမည်။ ထိုသို့ LHR ရပြီးမြေများ၏ ပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းများကို နေ့အထိ မှန်ကန်စေရန် ပြင်ဆင် ရေးသွင်းထားရသော (၁-က) မှတ်တမ်း တည်ရှိမှုကို ရုံးမင်းများ သတိမူမိရန် လိုအပ်ပါမည်။

## LBTVL ပုဒ်မ ၁၅ (၁) ပြဋ္ဌာန်းချက်ကို တစ်လမ်းသွား တရားသေသဘော ယူဆသင့် မသင့်

လွန်ခဲ့သည့် နှစ် ၈၀ ဝန်းကျင်က ပုဒ်မ ၁၃ အရ Roll of LHR in Town စာရင်းတွင် အမည်ရေးသွင်းထားချက် အားလုံးလိုလိုပင် ယနေ့အခြေအနေ၌ အဆင့်ဆင့်သော ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းများ အသီးသီး ရှိနေပြီ ဖြစ်ရာ အဆိုပါ  ပုဒ်မ ၁၃ လက်ရှိထားပိုင်ခွင့်ရသူ (LHR) မှတ်တမ်းပါ persons declared as landholder များသည် ယနေ့ ယင်း LHR ကို လက်ရှိထားနေသူများနှင့် အများအားဖြင့် မည်သို့မျှ တူညီနိုင်စရာ မရှိပါ။ LHR များ၏ ပိုင်ဆိုင်မှု အခွင့်အရေးများ ဥပဒေနှင့်အညီ လွှဲပြောင်း ရရှိခွင့်ကိုလည်း ပုဒ်မ ၇ (ဃ) တွင် ပြဋ္ဌာန်းထားမှုကို မျက်နှာလွှဲခဲပစ် မပြုလုပ်နိုင်ပါ။ L.B TVL ပုဒ်မ ၁၅ (၁) ပါ ပြဋ္ဌာန်းချက် စကားရပ်များကို တစ်ဖက်သတ် အသေယူ ဆုံးဖြတ်မည် ဆိုပါက ယင်းမြေပေါ်တွင် တရားရုံး၏ အမိန့်ဒီကရီအရလည်းကောင်း၊ စာချုပ်စာတမ်း မှတ်ပုံတင် ဥပဒေအရလည်းကောင်း အကျိုးခံစားခွင့် လွှဲပြောင်း လက်ခံရရှိလာသူတို့မှာ ဥပဒေနှင့်အညီ မြေကို လက်ရှိထားလာမှု ဖြစ်လင့်ကစား LBTVL ပုဒ်မ ၁၅ (၁) အရ ပုဒ်မ ၁၃ ပါ (လွန်ခဲ့သည့်နှစ်ပေါင်းများစွာက Recorded named ဖြစ်သော) LHR မြေကို လက်ရှိထားပိုင်ခွင့် ရပြီးသူစာရင်း၌ မပါသဖြင့် ပိုင်ဆိုင်ခွင့် မရသူဟု အစီရင်ခံရခြင်းမှာ တရားမျှတ မှန်ကန်မှု မရှိနိုင်ပါ။

- ပုဒ်မ ၁၅ (၁) ကို ကျင့်သုံးရာ၌ အမှုဖြစ်သော မြေသည် ပုဒ်မ ၁၃ အရ LHR ရပြီးမြေ ဟုတ် မဟုတ် ဆိုသည်ကို စိစစ်ခြင်းနှင့်
- အမှုဖြစ်ပွားသောပုဂ္ဂိုလ်သည် ပုဒ်မ ၁၅ ပါ LHR ရရှိသူ ဟုတ် မဟုတ် သို့မဟုတ် LHR ရရှိခဲ့သူထံမှ ပုဒ်မ ၇ (ဃ) အရ ဥပဒေနှင့်အညီ လွှဲပြောင်း လက်ခံ ရရှိလာသူ ဟုတ် မဟုတ်ဟု ခွဲခြား သုံးသပ် စီရင်သင့်ပါသည်။

ယင်းမြေအား ယခု လက်ရှိထားသူသည် ဥပဒေနှင့်အညီ ဖြစ်သည်၊ မဖြစ်သည်ကို မြို့နှင့် ကျေးရွာမြေများ ဥပဒေ ပုဒ်မ ၂၈ အရ ပြုစုထားရသော မြို့မြေပိုင်ဆိုင်မှု စာရင်း (Roll of town lands) တွင် ယင်းမြေသည် Tenure အဖြစ် land held under landholder's right ဟု မှတ်တမ်းဝင်မဝင်၊ LHR အပါအဝင် မြို့မြေပိုင်ဆိုင်မှုစာရင်းရှိ မြေအားလုံး၏ ပိုင်ဆိုင်ခွင့် လွှဲပြောင်းမှုများကို LBTVL ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရာရှိများမှ စစ်ဆေး မှတ်တမ်းတင်ခြင်းအတွက်


mgyoe.com

mgyoe.com


အဆိုပါ TLR ကို အစားထိုး အသုံးပြုနေရသည့် Land Record-2 ဦးပိုင်ရာဇဝင် I.A Register ရှိ ဆိုင်ရာဦးပိုင်၏ tenure status တွင် 'B' သို့မဟုတ် 'C' ဟု မှတ်သားထားခြင်း ရှိ မရှိ စိစစ်ခြင်းဖြင့် ကောက်ချက်ချနိုင်ပါသည်။

## မြေများကို အမျိုးအစား ခွဲ၍ စီမံခန့်ခွဲခွင့်

မြို့မြေအတွင်း အခြေခံအားဖြင့် အဓိက မြေအမျိုးအစား ၃ မျိုး (Devided into 3 Classes in Town land) ရှိနေပါသည်။ (မြို့တော်စည်ပင်သာယာရေးကော်မတီများမှ မြေစီမံသော ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်၊ နေပြည်တော်ကောင်စီနယ်မြေတို့သည် ခြွင်းချက် ဖြစ်ပါသည်။)

(၁) အစိုးရကိုယ်စား ကော်လိပ်တော်အရာရှိများ စီမံခန့်ခွဲရသည့် မြို့မြေအတွင်း အစိုးရက စီမံချထားနိုင်သောမြေ (Land at the disposal of Government)၊ (LBTVL section 4 (2), section 16, and rule 6)

(၂) ဈေး၊ အားကစားကွင်းနှင့် ပန်းခြံ၊ ရုပ်ရှင်ရုံ၊ ကားဂိတ်၊ ကူးတို့ဆိပ်၊ သားသတ်ရုံ စသည့် မြို့ရွာ ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် local body ဖြစ်သည့် မြို့ကော်မတီ၊ ဒိစတြိတ်ကောင်စီ၊ မြူနီစီပယ်အဖွဲ့များသို့ တည်ထောင် လွှဲအပ်ပေးထားသည့် constituted Vested Land မြေ၊ ယင်းမြေမျိုးမှာ ဒေသန္တရအဖွဲ့များပိုင်မြေအဖြစ် ယင်းအဖွဲ့များက စီမံမှုပြုရပြီး အစိုးရ (ကော်လိပ်တော်) မှ ဝင်ရောက်စီမံခြင်း၊ စွက်ဖက်ခြင်း မပြုရပါ။ constituted the property of a local body, the Government will exercise no interference.(LBTVL Appendix I para 3(2) and para 5.)

(၃) တတိယ အမျိုးအစားသည် ပိုင်ဆိုင်ခွင့် ပေးအပ်ထားသော မြေရှင်ဆိုင်ရာဆိုင်ခွင့် (land-holder's right) ရမြေ LHR များ ဖြစ်သည်။ LBTVL ပုဒ်မ ၄ (၂) (က) ဖွင့်ဆိုချက်အရ persons already have acquired LHR မြေရှင်ဆိုင်ရာဆိုင်ခွင့် ရပြီး မြေများသည် land at the disposal of Government မဟုတ်သည့်အတွက် အခွန်တော်အရာရှိ/ကော်လိပ်တော်က LBTVL ဥပဒေ ပုဒ်မ ၁၆၊ နည်း ၆ အရ စီမံချထားပေးနိုင်သည့်မြေ မဟုတ်တော့ပါ။

## မြို့မြေပိုင်ဆိုင်မှုစာရင်း (Townland Roll)

မြေများ၏ Disposal Land ပေါ်မှ အပိုင်ဂရန်၊ အငှားဂရန် ချထားမှုများ၊ မြို့ကော်မတီ၊ ဒိစတြိတ်ကောင်စီ၊ မြူနီစီပယ်များသို့ တည်ထောင်လွှဲအပ်ထားမြေ (vested land) များပေါ်ရှိ ချထားမှုများ၊ မြေရှင်ဆိုင်ရာဆိုင်ခွင့်ရ LHR land စသည့် မြေအားလုံးအပေါ်တွင် လက်ရှိထား အသုံးပြုနေသူများကို မှတ်တမ်းတင်သည့် Record of Possession (မြို့မြေပိုင်ဆိုင်မှုစာရင်း) များကို LBTVL အက်ဥပဒေ အခန်း (၈)၊ ပုဒ်မ ၂၈ အရ for every towns (မြို့တိုင်းအတွက်) ပြုစုထားရပါသည်။ Roll of


mgyoe.com

mgyoe.com SAMPLE BOOK


Town Lands TLR ဟု ခေါ်သည်။ ယင်းစာရင်းတွင် မြို့မြေအတွင်းရှိ မြေအားလုံးအတွက် မြေကို လက်ရှိထား အသုံးပြုနေသူတိုင်းကို စာရင်းရေးသွင်း မှတ်သားပြုစုရပါသည်။ ... shall be entered the names of the persons for the time being in possession of all lands within the town ...

ဆိုလိုသည်က မြို့မြေအတွင်း ဂရန်မြေများ၊ ဒေသန္တရ အဖွဲ့အစည်းသို့ ပေးအပ်ထားမြေများ၊ LHR မြေရှင် ဆိုင်ရာဆိုင်ခွင့် ပိုင်ဆိုင်ခွင့်ရမြေများ အားလုံးအပေါ်တွင် လက်ရှိထား အသုံးပြုနေသူ (being in possession) အားလုံးကို Record of Possession စာရင်း ဖြစ်သော Town Land Roll တွင် ရေးသွင်းထားရပါသည်။ TLR ပြုစုရန် အခြေခံလုပ်ငန်းသည် မြို့ကွက်အတွင်း မြေကွက် အလိုက်၊ ဦးပိုင်အလိုက်ကို tenure enquire မြေပိုင်ဆိုင်မှု စုံစမ်းစစ်ဆေး မှတ်တမ်းတင်ရခြင်း ဖြစ်သည်။ ထိုသို့ မြို့ကွက်အတွင်း ပိုင်ဆိုင်မှု စုံစမ်းနိုင်ရန် အဓိက လိုအပ်ချက်သည်-

(၁) မြို့မြေ တိုင်းတာထားမှု (Town Land Block Survey) ရှိရပါမည်။

(၂) အဆိုပါ မြို့မြေအကွက်များ ပုံဖော်သည့် ကွက်စိတ် မြေတိုင်းတာမှု၌ ဦးပိုင် မြေကွက်များ၏ နယ်နိမိတ် သတ်မှတ် ပိုင်းခြားမှုများ၊ မြေပိုင်ဆိုင်မှုနည်းလမ်းများကို တရားဝင် စစ်ဆေး မှတ်တမ်းနိုင်ရန်အတွက် မြေနယ်သတ် ဥပဒေနှင့်အညီ Boundary Officer နှင့် Demarcation Officer များ ခန့်အပ် တာဝန်ပေးထားမှု ရှိရပါမည်။

(၃) သို့မှသာ ဦးပိုင် နယ်နိမိတ်များ ခွဲခြား သတ်မှတ်ခြင်း (Holding Marking)၊ မြေပိုင်ဆိုင်မှု စာရင်းများ စုံစမ်းစစ်ဆေး မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ပြီး ထိုမှတစ်ဆင့် TLR ရေးဆွဲမှုကို ဆောင်ရွက်ရပါသည်။

## မြေပိုင်ဆိုင်မှု စုံစမ်း မှတ်တမ်းတင်ခြင်း (Tenure Enquire)

မြို့မြေများကို ကွက်ကဲ၊ ကွက်စိပ် တိုင်းတာ ဆောင်ရွက်ပါက မြေနယ်သတ် ဥပဒေနှင့်အညီ Boundary Officer နှင့် Demarcation Officer များ ခန့်အပ် တာဝန်ပေးရပါသည်။ Demarcation Officer က ကွက်စိပ် တိုင်းတာပြီးသော မြေပုံအရ ဦးပိုင်နယ်နိမိတ် သတ်မှတ်ခြင်းနှင့် မြေပိုင်ဆိုင်ခြင်းများကို စုံစမ်းခြင်း ပြုရပါသည်။ ဦးပိုင်တစ်ခုချင်းကို မြေပိုင်ဆိုင်မှု စုံစမ်း၍ မြို့မြေပိုင်ဆိုင်မှုစာရင်း (Town Land Roll) ရေးဆွဲရပါသည်။

ပထမဦးစွာ မြို့နှင့် ကျေးရွာမြေများ လက်စွဲဥပဒေ နောက်ဆက်တွဲ (၂)၊ အခန်း (၂)၊ အပိုဒ် (၇) တွင် ဖော်ပြထားသော ပိုင်ဆိုင်မှု စုံစမ်းမှုဇယားတွင် အကွက် တစ်ခုချင်း၏ ဦးပိုင်အလိုက် မြေပိုင်ဆိုင်မှုများကို စိစစ်ရေးသွင်းရပါသည်။ ထိုအခါ မြေပိုင်ဆိုင်ခွင့် အမျိုးအစားများကို အောက် မြန်မာပြည်ရှိ မြို့များအတွက် ၁၂ မျိုး သတ်မှတ်ထားသည့်အတိုင်း စုံစမ်းတွေ့ရှိမှုအလိုက် အဆိုပါ ဇယား၏ စာတိုင် (၃) တွင် ထည့်သွင်းရပါသည်။ ထိုသို့ မြေပိုင်ဆိုင်ခွင့် စုံစမ်းမှုတွင် လက်ရှိထားပိုင်ခွင့် (LHR) ရရှိထားသည့်မြေများကိုပါ ရေးသွင်း မှတ်တမ်းတင်ရပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK


အထက်တွင် မြေနယ်သတ် ဥပဒေအရ Townland Survey မြို့ကွက်များ မြေတိုင်းတာရာမှ ဦးပိုင်များ၏ Tenure မြေပိုင်ဆိုင်မှုစာရင်းနှင့် TLR စာရင်း ရရှိလာသည်ဟု ဆိုခဲ့ပါသည်။ မြို့မြေ တိုင်းတာရာ၌ မြေနယ်သတ် ဥပဒေနှင့် မြေစာရင်းလက်စွဲ ဥပဒေ ၈၀၃ အရ Demarcation Officer (မြေစာရင်းဌာနမှ အရာရှိ) ကိုပင် Tenure Enquire စုံစမ်းရသည့် Tenure Officer အဖြစ် တာဝန် ပေးလေ့ရှိပါသည်။ Tenure Table ရရှိမှသာ LBTVL Act ပုဒ်မ ၂၈ တွင် ဖော်ပြထားသော မြို့မြေယာစာရင်း TLR ကို ရေးဆွဲနိုင်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မြို့မြေတိုင်းတာ ရာ၌-

- ပဏာမ နယ်နိမိတ် သတ်မှတ်ခြင်း (Conduct by Demarcation Officer by Boundaries Act and Burma Land Records Manual)၊
- ပိုင်ဆိုင်ခွင့် စုံစမ်းခြင်း (Inquiry by Demarcation Officer by Boundaries Act and B.L.M)၊
- မြေတိုင်းတာခြင်း (Survey by Demarcation Officer by the Boundaries Act , Lower Burma Town and Village Land Manual and Burma Land Records Manual)၊
- ဦးပိုင် နယ်နိမိတ် ခွဲခြားစဉ် နယ်နိမိတ် အငြင်းပွားမှုများကို Boundary Officer ၏ အမိန့် ပြင်ဆင်ချက်များအရ Survey Map correction မြေပုံ ပြင်ဆင်ခြင်း (Correction by Boundary Officer and Demarcation Officer according to the Boundaries Act)၊
- မြေကွက် နယ်နိမိတ်ပြ မြေပုံနှင့် ပိုင်ဆိုင်ခွင့်စာရင်း (Tenure list) ကို B.O ထံ တင်ပြ အတည်ပြုချက် ရယူပြီးနောက် မြို့မြေစာရင်း Town Land Roll ရေးဆွဲခြင်း (Preparing and Keep up by SLR by Lower Burma Town and Village Land Manual; Notification D, and BLM)

ဟု အဆင့်များ ခွဲခြား ဆောင်ရွက်ရပါသည်။

TLR သည် မည်သည့်စာရင်းကို အခြေခံပါသနည်း ဆိုသော် The preparation of the Town Lands Roll from the corrected Map and the Tenure Officer's proceeding will be simple (TLR ရေးဆွဲရာ၌ မြို့မြေ ပိုင်ဆိုင်ခွင့် စုံစမ်းထားသော အမှုတွဲနှင့် အတည်ပြု ပြင်ဆင်ပြီး ပိုင်ဆိုင်မှု နယ်နိမိတ်ပြ မြေပုံများမှ ရယူခြင်းဖြင့် လွယ်ကူစေသည်) ဟု ဆိုထားချက်အရ Demarcation Officer ဆောင်ရွက်ထားသော Demarcated holding boundaries (ဦးပိုင်ခွဲ မြေပုံ) နှင့် Tenure Enquiry (မြေပိုင်ဆိုင်ခွင့်စာရင်း) မှ ရယူ ပြုစုကြရသည်။ ထို့ကြောင့် D.O ဖြစ်သော မြေစာရင်း အရာရှိများ ဆောင်ရွက်ထားသည့် Demarcated Map နှင့် Tenure Status တို့မှ TLR ဖြစ်ပေါ်လာ ရသည်ဟု ဆိုရပါမည်။ Only in Town Land အတွက်သာ ဖြစ်ပါသည်။

တောကွင်းများတွင် ပိုင်ဆိုင်မှုနှင့် နယ်နိမိတ် ခွဲခြားသည့် ဦးပိုင်ခွဲခြင်း လုပ်သော်လည်း TLR မလုပ်ပါ။ မြို့မြေအတွင်းမှ Survey Blocks များတွင်သာ ပုဒ်မ ၂၈ အရ ပြုလုပ်ရပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK


**မြေပိုင်ဆိုင်မှုနည်းလမ်းများ စုံစမ်းပြုစုခြင်း (Tenure Enquiry)**

ပိုင်ဆိုင်မှု စုံစမ်းစစ်ဆေးခြင်းတွင် ရည်ရွယ်ချက် နှစ်ရပ် ရှိပါသည်။

(က) အစိုးရမြေကို ကျူးလွန်ခြင်းများကို သိရှိရန်နှင့် အစိုးရနှင့် မြေလက်ရှိဖြစ်သူများ မြေအငြင်းပွားမှုအတွက် တိကျစွာ ဆုံးဖြတ်ပေးနိုင်ရန်အပြင်

(ခ) နယ်နိမိတ် သေချာစွာ ခွဲခြား မသတ်မှတ်ရသေးသည့် ဦးပိုင်များကို မြေပေါ်တွင် သိသာထင်ရှားသော အမှတ်အသားများ စိုက်ထူ၍ နယ်နိမိတ် သတ်မှတ်ပေးရန် ဖြစ်ပါသည်။

- မြို့မြေပိုင်ဆိုင်မှုစာရင်းအဖြစ် မြို့မြေရာစာရင်း (Roll of Town Lands) ရရှိနိုင်ရန် Town Land Survey ကို ပထမဆုံး ပြုလုပ်ရသည်။
- မြို့မြေတစ်ခုလုံး သို့မဟုတ် မြို့ကွက် တစ်စိတ်တစ်ပိုင်းကို တိုင်းတာပြီးသည်နှင့် ဦးစွာဆောင်ရွက်ရသော လုပ်ငန်းသည် tenure enquire ဖြစ်သည်။ ဦးပိုင်တစ်ခုချင်းကို ပိုင်ဆိုင်မှုနယ်နိမိတ် သတ်မှတ်၍ မြေပိုင်ဆိုင်ခွင့်များကို စုံစမ်း မှတ်သားရန် ဖြစ်သည်။ (The first step is the determination of tenures to preparation TLR.)
- မြေပိုင်ဆိုင်မှုနည်းလမ်းများကို စုံစမ်းရန် Tenure Officer အရာရှိတစ်ဦး ခန့်အပ်ဆောင်ရွက်ရန် လိုအပ်တတ်ပါသည်။ ၎င်းအရာရှိအနေဖြင့် Town Land Surveyed Block များအတွင်းက မြေကွက်တိုင်း (each plots) အတွက် ယင်းမြေကို လက်ရှိဖြစ်သူတို့ [LBTVL ပုဒ်မ ၄၊ (ဂ) အရ possession ဟု ဖွင့်ဆိုချက်နှင့် အကျုံးဝင်သူများ] ၏ ယင်းမြေအပေါ် Investigate the Tenure ပိုင်ဆိုင်ခွင့်ကို စုံစမ်းရပါသည်။ မြေပေါ်လက်ရှိဖြစ်မှုများ၊ ကျူးလွန်ဝင်ရောက်မှုများ၊ အခွင့်အမိန့်မရဘဲ လုပ်ကိုင်နေထိုင်သူများကိုပါ စစ်ဆေးရပြီး အငှားချထားမြေများ၊ အစိုးရသိမ်းမြေများ၊ သာသနာရေးအတွက်နှင့် အများပြည်သူအကျိုးငှာ လွှဲပြောင်းချထားမြေများ၊ မြေရှင်ဆိုင်ရာအခွင့် (LHR) ရမြေများနှင့် အစိုးရဌာနမြေများ၊ မြေလွတ်မြေရိုင်းများကိုပါ ကြည့်ရှုစစ်ဆေး၍ Inquiry Table Status တွင် မှတ်တမ်းတင်ရပါသည်။ (Tenure Officer should examine the registers of leases of town land, the registers of land acquired by Government and land alienated for religious, public and other purposes, and in Lower Burma the roll of persons declared landholders. All the lease, acquisition, grant and declaration proceeding relating to the town should be consulted.) (LBTVL Appendix II ; Chapter II ; para 1, 2, 3, 11, 14)

မှတ်ချက်။ မြေပိုင်ဆိုင်ခွင့် စုံစမ်းခြင်း (Tenure Enquiry) သည် နယ်နိမိတ် အပိုင်းအခြား တစ်ရပ်တည်း အတွင်းတွင် ပိုင်ဆိုင်နည်း တစ်မျိုးတည်းဖြင့် လူတစ်ဦးတည်းက ပိုင်ဆိုင်သော မြေကွက်ဧရိယာများကို ဦးပိုင်တစ်ခုဟု သတ်မှတ် ခွဲခြားပေးပြီး ယင်းဦးပိုင်ပေါ်၌ လက်ရှိဖြစ်သူ၏ မြေပိုင်ဆိုင်ခွင့်ကို စုံစမ်း ရေးသွင်းခြင်း ဖြစ်သည်။ ဦးပိုင်နယ်နိမိတ် အငြင်းပွား


mgyoe.com

mgyoe.com
SAMPLE BOOK


က Tenure Officer အဖြစ် ဆောင်ရွက်သော Demarcation Officer မှ Boundary Officer ထံ တင်ပြ အဆုံးအဖြတ် ခံယူနိုင်သော်လည်း ပိုင်ဆိုင်ခွင့် အမျိုးအစား သတ်မှတ်ခြင်းအပေါ် အငြင်းပွားက BO နှင့် DO တို့က ပတ်ဝန်းကျင် လက်ရှိများ၏ သဘောဆန္ဒနှင့် စိစစ်ဆောင်ရွက်၍ မရပါက မဆုံးဖြတ်ရပါ။ တရားရုံး အဆုံးအဖြတ် ခံယူစေပါသည်။

မြေပိုင်ဆိုင်ခွင့် စုံစမ်း ရရှိသည့် Tenure Enquiry စာရင်းကို Lower Burma Town and Village Lands Manual : Appendix II , Chapter II; para 7 (pp 165) တွင် ဖော်ပြထားသော အောက်ပါပုံစံဖြင့် ဦးပိုင်လိုက် ပိုင်ဆိုင်မှုအမျိုးအစားများ (person in possession and the nature of title) ကို ကောက်ယူ မှတ်တမ်းတင်ရပါသည်။

.................................. Town, Block No ...................., Name ....................................

| Holding No<br>ဦးပိုင်အမှတ် | Name and Residence of person (if any) in possession next under Govern-ment by grant, lease , license or otherwise<br>လက်ရှိဖြစ်သူ၏ အမည်၊ နေရပ် | Nature of title of person recorded in column 2<br>စာတိုင် ၂ ပါ ပုဂ္ဂိုလ်၏ မြေပိုင်ဆိုင်ခွင့်အမျိုးအစား | Remarks<br>မှတ်ချက် |
|---|---|---|---|
| (1) | (2) | (3) | (4) |
| | | | |

အထက်ပါ ဦးပိုင်လိုက် ပိုင်ဆိုင်မှု စုံစမ်းခဲ့ခြားရာ၌ စာတိုင် (၃) ရှိ nature of title (ပိုင်ဆိုင်ခွင့်အမျိုးအစားများ) ခွဲခြား မှတ်တမ်းတင်ရာတွင် various kinds of Tenure များကို အောက်မြန်မာပြည်တွင် ၁၂ မျိုးနှင့် အထက်မြန်မာပြည်တွင် ၁၀ မျိုး ခွဲခြား၍ မှတ်တမ်းတင်ရသည်ကို အောက်မြန်မာပြည်၊ မြို့နှင့်ကျေးရွာမြေများလက်စွဲ၊ နောက်ဆက်တွဲ (၂)၊ အခန်း (၂)၊ အပိုဒ် ၁၀ (Appendix II, Chapter II, para 10 of Lawer Burma Town and Village Lands Manual. pp 166, 167) တွင် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားပါသည်။ [Tenure Enquire ပြုလုပ်ရာ၌ tenure table column


mgyoe.com

mgyoe.com


No. (3) ၌ မှတ်တမ်းတင် ခွဲခြားဖော်ပြရသည့် Tenure အမျိုးအစားများကို စာရေးသူ၏ ယခင်က post များတွင် တစ်မျိုးချင်း ရှင်းလင်း ရေးသား တင်ပြခဲ့ဖူးပြီး ဖြစ်ပါသည်။]

Landholder's right ရမြေများကို အောက်မြန်မာပြည်ရှိ tenure မြေပိုင်ဆိုင်ခွင့် အမျိုးအစားများတွင် အမှတ်စဉ် (၃) ၌ ဖော်ပြထားသော LBTVL section 8 အရ ရရှိထားသော မြေရှင်ဆိုင်ရာဆိုင်ခွင့် land held under landholder's right မြေများဟု ရေးမှတ်ရပါသည်။

အဆိုပါ Tenure Enquiry ပြုလုပ်ရရှိသော မြို့မြေအတွင်း ပိုင်ဆိုင်မှု အခြေအနေ စာရင်းမှနေ၍ Townland Roll ဆက်လက် ရေးဆွဲရခြင်း ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၄)

## မြေပိုင်ဆိုင်ခွင့် အမျိုးအစားများ (Kinds of Tenure)

မြန်မာနိုင်ငံ၌ မြန်မာရှင်ဘုရင်များလက်ထက်ကပင် ဘိုးဘပိုင်မြေ၊ ဓားမဦးချမြေများကဲ့သို့ သားစဉ်မြေးဆက် အမွေဆက်ခံရရှိ၊ လွှဲပြောင်းရောင်းဝယ်၊ ပေးကမ်းနိုင်ခွင့် ရှိသော တင်းပြည့်ကျပ်ပြည့် ပိုင်ဆိုင်မှု အခွင့်အရေး (absolute proprietary right) ကို ရရှိခဲ့သည့် အစဉ်အလာများ ရှိခဲ့ပြီး မနုကျယ် ဓမ္မသတ် အဋ္ဌမတွဲ၌လည်း မြေပိုင်ခွင့် ရကြောင်း တရား ၇ ပါးကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

Seven ways of acquiring land.

The following are stated to be the seven ways of acquiring land:---

- First - Inheritance from forefathers (အမွေဆက်ခံ)
- Second - Purchase (ဝယ်ယူလွှဲပြောင်း)
- Third - Allotment by Government Officers (အုပ်ချုပ်သူများမှ ချထား)
- Fourth - Clearing the original forest (ကိုယ်တိုင် ဓားမဦးချ ခုတ်ထွင် ရှင်းလင်းတည်ထောင်)
- Fifth - Gift (ပေးကမ်းခြင်း၊ လက်ဖွဲ့ခြင်း)
- Sixth - Gift from the King (ဘုရင်မှ ချီးမြှင့်ပေးခြင်း ခံယူရ)
- Seventh - Ten years unchallenged possession, though the former owner knew the possessor was working the land. (မူလပိုင်ရှင် ရှိပြီးမြေကို ဝင်ရောက်လုပ်ကိုင်နေခြင်းကို ပိုင်ရှင် သိလင့်ကစား ကန့်ကွက်တားဆီးခြင်း မရှိ၊ ၁၀ နှစ်တိုင် လက်ရှိ ထားလာခြင်း)

သို့သော်လည်း အင်္ဂလိပ် ကိုလိုနီဘဝ၌ မြန်မာတို့ကို တင်းပြည့်မြေပိုင်ဆိုင်ခွင့် အခွင့်အရေး မပေးဘဲ မြေအားလုံးကို အစိုးရပိုင်မြေအဖြစ်သာ သတ်မှတ်၍ ယင်းမြေအတွင်းမှ အစိုးရ၏ ပြဋ္ဌာန်း



mgyoe.com

mgyoe.com SAMPLE BOOK


သတ်မှတ်ချက်နှင့် ညီသူများကို မြေပိုင်ဆိုင်ခွင့် ပေးပါသည်။ Lower Burma အောက်မြန်မာပြည်တွင် ပိုင်ဆိုင်ခွင့်ရမြေ (proprietary tenure) အဖြစ် အပိုင် ဂရန်မြေနှင့် မြေရှင်ဆိုင်ရာ လက်ရှိထားခွင့်ရမြေ (landholder's right) များအဖြစ် ခွဲခြား သတ်မှတ်၍ စီမံပါသည်။ ပိုင်ဆိုင်ခွင့် မရသောမြေ (Non-proprietary tenures) အဖြစ် အငှားချထားမြေများနှင့် အခွင့်မရဘဲ ကျူးကျော် အသုံးပြုမှုများကို သတ်မှတ်ပါသည်။ အထက်မြန်မာပြည်၌မူ အရာတော်မြေ (State Land) နှင့် အရာတော် မဟုတ်သည့် မြေ (Non State Land) ဟု နှစ်မျိုးသာ ခွဲပါသည်။ Non State Land သည် ပုဂ္ဂလိကပိုင်အဖြစ် အခွင့်ပေးခြင်း ဖြစ်၍ ဘိုးဘပိုင်မြေများ ပါဝင်ပါသည်။ ပိုင်ဆိုင်ခွင့်ရမြေများအတွက် မြေစာရင်းလက်စွဲ ဥပဒေ အပိုဒ် ၁၁၇၁ ၏ ဖော်ပြချက်က ဤသို့ ဖြစ်သည်။

**1171. Tenures are shown in the Settlement Registers, but are not usually entered on the Settlement map except Upper Burma when State and non-State lands are assessed at different rates.**

**In Lower Burma there are only two forms of proprietary tenure, *viz.*, (i) Landholder right, and (ii) Grantee right.**

**Non-proprietary tenures are (i) Leasehold, and (ii) Squatter.**

**In Upper Burma the primary division of all lands is into (i) State land, and (ii) non-State land.**

အင်္ဂလိပ်တို့က တင်းပြည့်ကျပ်ပြည့် မြေပိုင်ဆိုင်မှု အခွင့်အရေး (absolute proprietary right) မပေးလိုသည့် သဘောထားအပေါ် 1876 The Lower Burma Land and Revenue Act မူကြမ်း ရေးဆွဲခဲ့စဉ်က Chief Commissioner များနှင့် Bill Committee တို့ အပြန်အလှန် ဆွေးနွေးတင်ပြခဲ့သော နောက်ကြောင်းရာဇဝင်များတွင် မြန်မာတောင်သူလယ်သမားများ မိမိတို့မြေကို တင်းပြည့်ကျပ်ပြည့် ပိုင်ဆိုင်သည့် အစဉ်အလာ (absolute proprietary right) ရှိခဲ့သည်ဟု Sir A Phayre တို့က တင်ပြချက်၊ ယူဆချက်များ ရှိခဲ့သော်လည်း လက်မခံခဲ့ကြပါ။

**XIX.—*Notes on the Tenure and Distribution of Landed Property in Burmah.* Contributed by Colonel PHAYRE, Chief Commissioner of British Burmah.**

**[*Read June 25th*, 1867.]**

မြန်မာများ၌ ထိုသို့ မြေပိုင်ဆိုင်မှု အခွင့်အရေးများ ရှိကြောင်း အချက်အလက် ပြည့်စုံစွာ တည်ရှိမှုကို ဆာအာသာ ဖယ်ယာ (Sir A. Phayre) ၏နောက် ဆက်ခံသူ Chief Commissioner Ashley Eden က အကြောက်အကန် ငြင်းပယ် ချေပခဲ့မှုများ ရှိခဲ့ကြောင်းကို စာရေးသူ၏ဆရာ ဦးမြင့်သန်း၏ ပို့ (post) များတွင် ထုတ်နုတ်တင်ပြခဲ့သည်ကို တွေ့ရပါသည်။ Ashley Eden က မြန်မာတို့၏ မနုကျယ် ဓမ္မသတ်သည် အိန္ဒိယ ဥပဒေမှ ဆင်းသက် ကူးယူ ရထားသည့်ဟန် 'The Land Law of Burma is not peculiar to Burma; it is derived from an Indian source.' (Burma Settlement Manual, chapter VIII, p.97) ဟု ဆို၍ 'Sir A. Phayre's pamphlet does not relate, exclusively to Burma; his arguments are based on general principles, and go back


mgyoe.com

as far as the time of Moses.' (ဆာ အာသာဖယ်ရာ၏ စာတမ်းသည် မြန်မာပြည်နှင့် သီးသန့် သက်ဆိုင်ခြင်း မရှိ၊ မိုးဇက်တို့ ခေတ်ကာလထိအောင် ရှေးကျသည့် ယေဘုယျ သဘောတရားများ ကိုယူပြီး အဆိုပြုထားခြင်း ဖြစ်သည်) ဟူ၍ မနုကျယ် ဓမ္မသတ်၏ တည်ရှိမှုကို ပယ်ချပါသည်။ ဟိန္ဒူတို့၏ Manusmriti ကျမ်းကို မူရင်း သသ်ကရိုက်ဘာသာစကားမှ Sir William Jones က English Version ပထမဆုံး ဘာသာပြန်ခဲ့ပြီး 'Laws of Manu' နာမည်ဖြင့် တည်ရှိနေမှုကို မြန်မာပြန်၍ မနုကျယ် ဖြစ်လာဟန် Ashley Eden က သုံးသပ်၍ မနုကျယ် ဓမ္မသတ်သည် မြန်မာမစစ်ဟု တစ်ဖက်သတ် ကောက်ချက်ချ သော်လည်း ကိုလိုနီ အရာရှိတစ်ဦးဖြစ်သူ Baden-Powell ကမူ မြန်မာ့မနု (ကျယ်) သည် အိန္ဒိယ မနုဓမ္မသတ်နှင့် မည်သို့မျှ မသက်ဆိုင်ဟု ဆိုထားကြောင်းကို သူ၏ ၁၈၈၂ ခုနှစ် ထုတ်ဝေသော 'A Manual of the Land Revenue Systems and Land Tenures of British India' စာအုပ်၌ ဖော်ပြထားကြောင်း ဆရာဦးမြင့်သန်းက ရှင်းပြထားပါသည်။

1876 Land Revenue Act ဖြစ်ပေါ်လာမည့် Lower Burma Land Revenue Bill ရေးဆွဲနေစဉ် Tenure right များအတွက် မြန်မာများ မြေပိုင်ဆိုင်မှု အခွင့်အရေး ရရှိခဲ့ကြောင်း ဆာ အာသာဖယ်ရာတို့၏ တင်ပြချက်ကို Chief Commissioner Ashley Eden တို့က မြန်မာ့အစဉ်အလာ အရ တောင်သူလယ်သမားများသည် မြေယာ ပိုင်ဆိုင်မှု ပြည့်ပြည့်ဝဝ မရရှိခဲ့ကြောင်းဟု အကြောက် အကန် ငြင်းပယ်ပြီး ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်ပေးရန်အစား ဗြိတိသျှ အစိုးရ၏ သီးစားများအဖြစ် ပုံသွင်းယူခဲ့သည့်သဘော ရောက်ရှိစေခဲ့ပါသည်။ မြန်မာတို့၌ ဓမ္မသတ်များ ခိုင်ခိုင်လုံလုံ ရှိနေပါလျက် နှင့် မြန်မာပြည်တွင် မြေယာအုပ်ချုပ်မှု စနစ်တကျ မရှိဘဲ အိန္ဒိယ၏ မနုဓမ္မသတ်ကို ခိုးချပြီး ပြောဆိုနေကြခြင်းသာ ဖြစ်သည်ဟု လူကြီးလူကောင်းမဆန်စွာ တင်ပြချက်များကိုသာ Bill Committee နှင့် ဘုရင်ခံတို့က လက်ခံခဲ့သဖြင့် မြန်မာများ၏ မူလ ရရှိခဲ့သော မြေပိုင်ဆိုင်ခွင့်များအစား အင်္ဂလိပ် ပြဋ္ဌာန်းသည့် ဥပဒေအရသာ ပြဋ္ဌာန်းပေးသည့် အောက်ပါ ပိုင်ဆိုင်ခွင့် အခွင့်အရေး ရရှိခဲ့ရပါတော့ သည်ဟု ဆိုရပါမည်။

OF TITLE.

..A right and interest in the land shall be acquired in British Burma in the following manner:

"Twelve years? continuous and undisturbed possession or occupancy whether direct or by the person from whom the occupier for the time"

## TITLE and TENURE

ဤနိုင်ငံ၌ အင်္ဂလိပ်တို့၏ ချုံးနှိမ်ချက် ဖြစ်သည့် အစိုးရကသာ မြေအားလုံး ပိုင်သည် ဆိုသော အခြေခံအရ Titling System ကို စနစ်တကျ ပီပီပြင်ပြင် အလေးထား ဖော်ဆောင်မှု အားနည်းခဲ့သည့် အလျောက် Title ဟူသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့် သုံးစွဲရာတွင် အလျဉ်းသင့်သည့်အလျောက် ကောက်ယူကြပါသည်။ မြေယာမှတ်တမ်း ထိန်းသိမ်းပြုစုသူများအတွက်မူ Land Title ဆိုခြင်းကို



mgyoe.com

mgyoe.com SAMPLE BOOK


ယင်းမြေယာပေါ်က ရရှိမည့် အခွင့်အရေးကို မြေအမျိုးအစားလိုက် ခေါင်းစဉ် ခွဲခြား၍ provide the instrument (such as a deed) that is evidence of a right ပေးအပ်သည့်အခွင့်ဟု မှတ်ယူကြပါသည်။ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ဟုလည်း မှတ်ယူ၍ ယင်းအသုံးပြုခွင့်အတွက် အစိုးရ သို့မဟုတ် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းကနေ၍ Instruments၊ စာချုပ်စာတမ်း၊ သက်သေခံလက်မှတ်၊ သတ်မှတ်ပုံစံ၊ စာရွက်စာတမ်း အထောက်အထားများဖြင့် ဆောင်ရွက်ပေးအပ်မှုကို title ပေးအပ်ခြင်းဟူ၍လည်းကောင်း၊ title ပေးအပ်ခံရသူများကို မှတ်တမ်းတင်ခြင်းကို Title Register or Titling လုပ်သည်ဟုလည်းကောင်း ခေါ်ဝေါ်ကြပါသည်။

အဆိုပါ title ပေးအပ်သည့် သက်သေခံလက်မှတ်၊ အထောက်အထား၊ စာချုပ်စာတမ်းများကို Title Deeds ဟု ဆိုကြပါသည်။ မြေလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ဟု နားလည်ထားကြပါသည်။ Land Titling Project များဖြင့် မြေယာလုပ်ပိုင်ခွင့်များ မှတ်ပုံတင် ဆောင်ရွက်ရာ၌ မြေယာအတွက် လုပ်ပိုင်ခွင့်လက်မှတ် Land Title ရရှိမှုသည် legal ownership ဟု မှတ်ယူကြပါသည်။ လုပ်ပိုင်ခွင့်များ မှတ်ပုံတင်ခြင်း (Land registration) သည် generally describes systems by which matters concerning ownership, possession or other rights in land can be recorded (usually with a government agency or department) to provide evidence of title, facilitate transactions and to prevent unlawful disposal. The information recorded and the protection provided will vary by jurisdiction. Registered the conditions under which land or buildings are who held or occupied. ဟု ဆိုကြပါသည်။

မြေနှင့်ပတ်သက်ပါက Tenure ဆိုသော စကားရပ်ကလည်း ရှိပါသေးသည်။ ပိုင်ဆိုင်ခွင့်ဟု အစဉ်အဆက် သုံးနှုန်းလာသော်လည်း မြေကို လက်ရှိထား သုံးစွဲပိုင်ခွင့် ရရှိမှုနည်းလမ်း အမျိုးအစားကို ဖော်ပြခြင်းဟု ဆိုရပါမည်။ မြေယာနှင့် ပတ်သက်သော အမြဲတစေ လက်ဝယ်ထားပိုင်မှု၊ လက်ရှိထား အသုံးပြုခွင့်ရှိမှု၊ လုပ်ကိုင်မှု၊ ပိုင်ဆိုင်မှုကို Tenure ဟု ခေါ်ကြောင်း ပြဆိုပါသည်။ ဥပမာအားဖြင့် အင်္ဂလိပ်တို့က မြန်မာနိုင်ငံတွင် အဓိက မြေပိုင်ဆိုင်ခွင့်များအနေဖြင့် Grantee right, Landholder's right, Non-State Land (bobapaing) ဟု ခွဲခြားသကဲ့သို့ အိန္ဒိယနိုင်ငံတွင် ပင်မ မြေပိုင်ဆိုင်ခွင့် ၃ မျိုးအဖြစ် ဇမင်ဒါရီ၊ မဟာလဝါရီ၊ ရယတ်ဝါရီဟု ခွဲခြားပါသည်။ (Under British Rule, there were three main types of land tenure systems in India. They were Zamindars, Mahalwari and Rayatwari.).

Land Tenure သည် Land Title ထက် ပို၍ကျယ်ပြန့် ရှုပ်ထွေးသည်။ Customary tenure (ဓလေ့ထုံးတမ်း ပိုင်ဆိုင်ခွင့်များ) ပါဝင်သကဲ့သို့ communal property rights များလည်း ပါနေပါသည်။ မြေသာမက ရေနှင့် သစ်တော လုပ်ကိုင်ခွင့် အခွင့်အရေးများလည်း ပါသည်ဟု ဆိုနိုင်ပါသည်။ ("land" is used here to include other natural resources such as water and trees.) In simple terms, land tenure systems determine who can use what resources on land.


mgyoe.com

mgyoe.com SAMPLE BOOK


## မြေပိုင်ဆိုင်ခွင့် စုံစမ်းမှတ်တမ်းတင်ခြင်း

မြို့မြေ ပိုင်ဆိုင်ခွင့်များ စုံစမ်းခြင်းကို ဦးစွာ ပိုင်ဆိုင်မှု နယ်နိမိတ် သတ်မှတ်နိုင်မှသာ ဆောင်ရွက်ရပါသည်။ ထို့ကြောင့် မြေနယ်သတ် ဥပဒေအရ မြို့ကွက် မြေတိုင်းတာခြင်း (Townland Block Survey)၊ နယ်နိမိတ်များ ခွဲခြားနိုင်ရန် နယ်နိမိတ် အရာရှိများ ဖြစ်သည့် Boundary Officer နှင့် Demarcation Officer များ ခန့်အပ် တာဝန်ပေးခြင်း၊ ပိုင်နက် နယ်နိမိတ်များ သတ်မှတ်ခြင်းနှင့် ပိုင်ဆိုင်ခွင့် စုံစမ်းမှတ်တမ်းတင်ခြင်းများကို စနစ်တကျ ဆောင်ရွက်ရပါသည်။

မြေပိုင်ဆိုင်ခွင့်များ စုံစမ်းမှတ်တမ်းတင်ရန် တာဝန်ပေးအပ်ခံရသည့် Tenure Officer သည် မြို့နှင့် ကျေးရွာမြေများ ဥပဒေ နောက်ဆက်တွဲ (၂)၊ အပိုဒ် (၇) တွင် ဖော်ပြထားသော ပုံစံဇယားတွင် မြို့မြေအကွက်တစ်ခုချင်းအလိုက်ရှိ ဦးပိုင်မြေကွက်အားလုံး (LHR မြေများ အပါအဝင်) ၏ ပိုင်ဆိုင်မှု နယ်နိမိတ်များနှင့် မြေပိုင်ဆိုင်မှု အမျိုးအစားများ (Nature of Title) အား ဖြည့်သွင်းရာ၌ အဆိုပါ နောက်ဆက်တွဲ (၂)၊ အပိုဒ် (၁၀) ပါ ပိုင်ဆိုင်ခွင့်နည်းလမ်းများကို ဆိုင်ရာ ဦးပိုင်အတွက် ဖြည့်သွင်းရပါသည်။

| No | Lands in towns in Lower Burma | No | Lands in towns in Upper Burma | Remarks |
|---|---|---|---|---|
| 1 | Land held under grant conveying a permanent, heritable and transferable right [section 7(a) of the Lower Burma Town and Village Lands Act); (The date and nature of grant should be entered)] | 1 | Land adjudicated non-State under section 24, sub-section (2) of the Land and Revenue Regulation; (Enter the words "Non-State.") | |
| 2 | Land to which aright has been acquired under the Limitation Act [section 7(b)] (It is improbable that any entries will have to be made under this class) | 2 | Omitted | |
| 3 | Land held under landholder's right (section 8) (The word " Landholder's right" should be entered.) | 3 | Omitted | |
| 4 | Land held under lease; [section 16 (a)] (The number and year of the lease, the period for which the lease was made, and the rules under which it was made, when known should be entered.) | 4 | Land held under lease; [The entry should be as for Lower Burma (iv)] | |
| 5 | Land held under license [section 16(b)] (Similar particulars should be entered.) | 5 | Land held under license; [The entry should be as for Lower Burma(v)] | |
| 6 | Land of which a revenue-free grant for religious or public purposes has been given; (This land should be entered as "Religious or public purposes grant land" and the same particulars should be given about the grant as are required for leases or licenses.) | 6 | Land of which a revenue-free grant for religious or public purposes has been given; [The entry should be as for Lower Burma (vi)] | |


mgyoe.com

mgyoe.com SAMPLE BOOK

| No | Lands in towns in Lower Burma | No | Lands in towns in Upper Burma | Remarks |
|---|---|---|---|---|
| 7 | Land occupied without a grant for religious purposes since before the commencement of the Act [section 3(1) (c)]<br>(This land should be entered as "Religious land.") | 7 | Land occupied without a grant for or public purposes since before the commencement of the Upper Burma Land and Revenue Regulation [section 27 (6) (a)]<br>(The land should be entered as "Religious land") | |
| 8 | Land occupied without title(section 18);<br>(In this class is included land (not falling under the next preceding clause) which is not held under docu ment, and in respect of which a landholder's right has not been acquired. The entry which should be made in respect of such land is "Squatter"and the date from which the squatting commenced should be entered.) | 8 | (viii) Land occupied without a title and adjudicated State under sub-section (2) or sub-section (3) of section 24 of the Regulation;<br>[The entry should be as for Lower Burma (Viii)] | |
| 9 | Land allotted for Government purpose or for the Railway Administration;<br>(Enter the world "Allotted") | 9 | Land allotted for Government purposes or the Railway Administration;<br>(Enter the word "Allotted") | |
| 10 | Land vested by the Municipal Act in Municipal or Town Committee;<br>(Enter the world "Vested") | 10 | Land Vested by the Municipal Act in a Municipal or Town Committee;<br>(Enter the word "Vested".) | |
| 11 | Waste land reserved for Government purposes under Town Lands Direction 55;<br>(The word "Waste reserved for Government" should be entered.) | 11 | Waste land reserved for Government purposes under Town Lands Direction 55;<br>(The word "Waste reserved for Government" should be entered.) | |
| 12 | Waste land not so reserved; (The word "Unreserved waste" should be entered.) | 12 | Waste land not so reserved;<br>(The words "Unreserved waste" should be entered) | |
| **Where none of the classifications given above applies, the entry should be "Tenure undetermined".** | | | | |

အထက်ဖော်ပြပါ ဇယားသည် အထက်/အောက် မြန်မာတစ်နိုင်ငံလုံးရှိ Tenure အမျိုးအစားများ (Various kinds of tenures in whole country) ခွဲခြားထားမှု ဖြစ်ပါသည်။ အထက်ပါ သတ်မှတ်ထားချက်အရ အောက်မြန်မာပြည်တွင် မြေပိုင်ဆိုင်ခွင့် Tenure အမျိုးအစား ၁၂ မျိုး ဖြစ်၍ အထက်မြန်မာပြည်တွင် ၁၀ မျိုး ဖြစ်ပါသည်။ Tenure အမျိုးအစားများ စုံစမ်းမှတ်တမ်းတင်ရာ၌ အောက်မြန်မာပြည် အမှတ်စဉ် (၃) တွင် Land held under landholder's right LHR မြေများကိုလည်းကောင်း၊ အထက်မြန်မာပြည် အမှတ်စဉ် (၁) တွင် Upper Burma Land and Revenue Regulation: section 24, sub-section (2) အရ သတ်မှတ်ခဲ့သော ဘိုးဘပိုင်မြေ (Non-State Land) များကိုလည်းကောင်း စုံစမ်းမှတ်တမ်းတင်ခဲ့ရပါသည်။ T.E table တွင် LHR , Bobapaing စသည့် ပိုင်ဆိုင်ခွင့်ရ မြေများကိုပါ ချန်မထားရဘဲ Record လုပ်ရသည်ကို အဓိက သတိပြုရမည် ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK


LHR Register တွင် Recorded လုပ်ထားပြီးသော landholder's right ရသူ၏ မြေပိုင်ဆိုင်မှုသည် Block Survey မြို့ကွက် မြေတိုင်းစဉ်တိုင်း၌ ယင်းဦးပိုင်၏ မြေပိုင်ဆိုင်မှုစာရင်းတွင် ကောက်ယူ မှတ်တမ်းတင် ပါဝင်ရပြီးနောက် မြို့မြေယာစာရင်း Town Land Roll ရေးဆွဲသည့်အခါ T.E စာရင်းမှ TLR သို့ ကူးယူ ပြောင်းလဲသွားရမည်ကို မျက်ခြည်မပြတ်စေလိုပါ။

## ဥပဒေတွင် ဖော်ပြမထားဟု ထင်ရသော မြေယာမှတ်တမ်းရှိ Tenure အမျိုးအစားများ

အင်္ဂလိပ်-မြန်မာ ပထမစစ်၊ ဒုတိယစစ်များ၌ ရခိုင်၊ တနင်္သာရီ၊ ပဲခူးဒေသ အောက်မြန်မာပြည်အပိုင်းသည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားသည်နှင့် မရွေးမနှောင်းပင် မြေခွန်များ စတင်စည်းကြပ်ပါသည်။ ကြေးတိုင်ဌာနခွဲနှင့် မြေစာရင်းဌာနခွဲကို လယ်ယာမြေများကို မြေခွန် စည်းကြပ်နိုင်ရန် တည်ထောင်ဖွဲ့စည်း ဆောင်ရွက်ပါသည်။ ဤနေရာ၌ သတိပြုရန်သည် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ ဥပဒေ (၁၈၉၈) မပြဋ္ဌာန်းမီကပင် ကြေးတိုင်လုပ်ငန်းရပ်များနှင့် မြေစာရင်းဌာန၏ လုပ်ငန်းရပ်များ စတင် တည်ရှိနေပြီး ဖြစ်ပါသည်။

LBTVL ဥပဒေ နောက်ဆက်တွဲ (၂) ပါ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ခွဲခြားထားသော tenure အမျိုးအစားများအရ Tenure Enquire စာရင်းနှင့် Town Land Roll တွင် ဖော်ပြ မှတ်တမ်းတင်ပြီးနောက် ယင်း TLR သည် ၁-က မှတ်ပုံစာရင်းသို့ ကူးယူလွှဲပြောင်း ဆက်လက်အသုံးပြုပါသည်။ ၁-က မှတ်ပုံစာရင်းရှိ ဦးပိုင်အမှတ်နှင့် တစ်တန်းတည်းရှိ Tenure ပိုင်ဆိုင်ခွင့် ဖော်ပြချက်တွင် ယခင် TLR ပါ ပိုင်ဆိုင်ခွင့် အမျိုးအမည်ကို ဆက်လက် ရေးသွင်းပါသည်။

ထိုအခါ ဥပဒေအရ ပိုင်ဆိုင်ခွင့် အမျိုးအစားတစ်ခုတွင် ပါဝင်ခွဲခြားထားသည့် အမျိုးအစားဝင်ဖြစ်သော်လည်း အမည်ဖော်ပြချက်သည် အထက်ပါ (12 for L.B / 10 for U.B) နှင့် တိုက်ရိုက်မတူညီသော ပိုင်ဆိုင်ခွင့် ရေးမှတ်ထားမှုများလည်း ရှိပါသည်။ အင်္ဂလိပ်တို့ ကနဦး သိမ်းယူခဲ့သည့် ရခိုင်နှင့် တနင်္သာရီ၊ မော်လမြိုင်၊ ကျိုက္ခမီခရိုင်တို့တွင် ရှိတတ်ပါသည်။ အင်္ဂလိပ်အစိုးရ၏ သတ်မှတ်ထားချက်ဖြင့် ပိုင်ဆိုင်ခွင့် ပေးခဲ့မှုများကို မြေစာရင်းဌာန၏ မြို့မြေပိုင်ဆိုင်မှုမှတ်တမ်းများ၌ ဖော်ပြရေးသွင်းခဲ့ရပြီး နေ့အထိ မှတ်တမ်းပြုစုရဆဲ tenure အမျိုးအစားများ ရှိပါသည်။

## နမူနာအားဖြင့် Y to Y မြေဂရန်

အောက်မြန်မာပြည်၌ မြေအငှားချထားမှုကို အပိုင်ဂရန်၊ နှစ်ရှည်ဂရန် (long term lease)၊ နှစ်တိုဂရန် (short term lease)၊ လိုင်စင် (License) စသည့် အမျိုးအစားများကိုသာ နားရည်ဝကြပါသည်။ မြေအငှားချထားမှု အမည်သစ်တစ်မျိုးကို တွေ့သည့်အခါ ထိုအမျိုးအစားကို မည်သူက မည်သည့် ဥပဒေဖြင့် ချထားသနည်း ဆိုပြီး ဝေဝါးဝါး ဖြစ်တတ်ကြပါသည်။ မော်လမြိုင်ဘက်တွင် ရှိသော Y to Y အငှားဂရန်သည် ထိုသို့သော tenure အမျိုးအစား ဖြစ်ပါသည်။ နှစ်ချင်းဆက် Year to Year Grant ဟု ခေါ်ပါသည်။ LBTVL ပုဒ်မ ၇၊ ၈ တို့နှင့် အကျုံးဝင်ပါသည်။

mgyoe.com

mgyoe.com


အဆိုပါ ဂရန်များကို ယခုခေတ် ကော်လိပ်တော်များ တွေ့ရသောအခါ မြေစာရင်းဌာနက ချထား အသုံးပြုခွင့်ပေးသော အငှားချမြေ အမျိုးအစားဟု ထင်ခဲ့ကြပါသည်။ မြေစာရင်းဌာနသည် မြေယာမှတ်တမ်းဌာန ဖြစ်၍ မြေစီမံချထားပိုင်ခွင့် ရရှိသော ဌာန မဟုတ်ပါ။ မြေယာချထားစီမံရန် လုပ်ပိုင်ခွင့်ရသည့် ဌာန/အဖွဲ့အစည်း/ကော်မတီများအတွက် မြေယာချထား စီမံမှုတွင် အဓိက ထောက်ကူပေးနေရသည့် လက်ရုံးဌာနသာ ဖြစ်ပါသည်။ မြေမချထားပါ။ မြို့မြေအတွင်း land at the disposal of Government ကို ကော်လိပ်တော် အရာရှိများကလည်းကောင်း၊ vested land constituted as property of the municipality and other local bodies မြေများကို မြူအဖွဲ့၊ မြို့ကော်မတီ၊ ဒီစတြိတ်ကောင်စီတို့ကလည်းကောင်း ချထားစီမံနိုင်ကြပါသည်။

မြေစာရင်းဌာန၏ ၁-က တွင် ဖော်ပြထားသော Y to Y tenure ဆိုသည်ကို နားမရှင်းသော အခွန်အရာရှိများကို ၎င်းမြေများ၏ လွှဲပြောင်းမှုများကို မြေစာရင်းဌာနက စာရင်း ရေးသွင်းနေခြင်း အတွက် ပြန်လည် ဖြေရှင်းခဲ့ရသော ဖြစ်ရပ်များ ရှိဖူးပါသည်။

မော်လမြိုင်မြို့သည် ကျိုက္ခမီခရိုင် (Amherst District) ၌ ပါဝင်ပါသည်။ ယခင်က မော်လမြိုင် ခရိုင် မရှိသေးပါ။ ရှေးအခါက မော်လမြိုင်သည် တနင်္သာရီကမ်းမြောင်ဒေသ၊ တနင်္သာရီတိုင်းတွင် ပါဝင်၍ (လွတ်လပ်ရေး ရပြီးသည်အထိ မွန်ပြည်နယ် မပေါ်ပေါက်သေးပါ၊ တနင်္သာရီတိုင်းအဖြစ်သာ တည်ရှိခဲ့ပါသည်) 1st Anglo-Burma War ၁၈၂၄-၁၈၂၅ အပြီးတွင် အင်္ဂလိပ်၏လက်အောက် ရောက်ရှိသွားပြီး ဗြိတိသျှတို့၏ စီမံခန့်ခွဲရာဒေသ ဖြစ်လာရပါသည်။ မော်လမြိုင်မြို့တွင် လူနေ စည်ကားလာ၍ မြို့ပြ တစ်စတစ်စ ဖွံ့ဖြိုးလာမှုအရ ၁၈၄၅ ခုနှစ်တွင် The First Rules for the Grant of Town Land နည်းဥပဒေ ပြဋ္ဌာန်း၍ မော်လမြိုင်မြို့မြေ စီမံခန့်ခွဲရေးလုပ်ငန်းများ စနစ် တကျ ဖြစ်ရန် ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်က ၁၈၉၈ ခုနှစ်မှသာ ပြဋ္ဌာန်းသည့် Lower Burma Town and Village Lands Act မပေါ်ပေါက်သေးပါ။ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ မပေါ်ပေါက်မီ 1898 LBTVL ပါ မြေချထားအမျိုးအစားများ၊ မြေပိုင်ဆိုင်ခွင့် tenure အမျိုးအစားများ မသတ်မှတ်မီကာလက မော်လမြိုင်တွင် မြေချထားမှု အမျိုးအစားများ အောက်ပါ အတိုင်း ရှိခဲ့သည်ကို မြေစာရင်းဌာန၏ ၁-က မှတ်ပုံစာရင်း၌ တွေ့ရပါသည်။

(က) ထာဝရ ဂရန်မြေ (Free Hold Land)၊

(ခ) နှစ်ရှည် ၉၉ နှစ် အငှားဂရန်မြေ (99 Years Grant)၊

(ဂ) နှစ်ချင်းဆက် အငှားဂရန်မြေ (Year to Year Lease)၊

(ဃ) လက်ဝယ်ထားပိုင်ခွင့်ရမြေ (Landholder's Right)၊

ထိုအထဲမှ ထူးခြားနေသော 'နှစ်ချင်းဆက် ဂရန်မြေ' ဆိုသည်ကား အဘယ်နည်း။

- အဆိုပါ ဂရန်အမျိုးအစားသည် ၁၈၉၈ မှသာ ပြဋ္ဌာန်းသည့် Lower Burma Town and Village Lands Manual ပါ Lease of Town Lands with power of renewal in perpetuity


mgyoe.com

mgyoe.com 

(အစဉ်အမြဲ အသစ် ပြောင်းလဲ ချုပ်ဆိုခွင့် ရသည့် အငှားဂရန်မြေ) အမျိုးအစားနှင့် ဆင်တူ သလို ရှိသော်လည်း မတူပါ။

- LBTVL Manual ၏ LAND REVENUE II / Lease 2 & 2 (a) ပုံစံဖြင့် ချထားသော အစဉ် ပြောင်းလဲချုပ်ဆိုခွင့်ရ အငှားဂရန်၏ ဝိသေသသည် သတ်မှတ်စည်းကမ်းများ ချိုး ဖောက်ခြင်း မရှိဘဲ နှစ်စဉ် ထမ်းဆောင်ရမည့် အခွန်ငွေကို ပြေကျေစွာ ထမ်းဆောင်သမျှ လက်ရှိ ပိုင်ဆိုင်ခွင့်ရသူက မြေချထားမှုစာချုပ်ကို အစဉ်အဆက် အသစ် ပြောင်းလဲချုပ်ဆိုခွင့် (to renew the lease in perpetuity) ပေးထားခြင်း ဖြစ်သည်။
- LAND REVENUE II / Lease 2 & 2 (a) ပုံစံဖြင့် ချထားသည့် Lease of Town Lands with power of renewal in perpetuity သည် ချုပ်ဆိုသည့်နေ့မှစ၍ ကနဦး နှစ် ၃၀ အတွက် လက်ရှိထားခွင့် ရ၍ နှစ် ၃၀ လျှင် တစ်ကြိမ်နှုန်းဖြင့် (ကာလ မသတ်မှတ်) အစဉ်အဆက် အသစ် ပြောင်းလဲ ချုပ်ဆိုခွင့် ပေးထားပါသည်။ မြေရောင်းချ၍ အပိုင်ဂရန် ပေးနည်းမျိုး ဖြစ်သည်။
- ဤနေရာ၌ LAND REVENUE II / Lease 2 & 2 (a) ပုံစံဖြင့် ချထားသော Lease of Town Lands with power of renewal in perpetuity နှင့် LAND REVENUE II/ Lease 1 & 1(a) ပုံစံဖြင့် ချထားသော Lease of Town Lands with the Power of Renewal up to Ninety Years ဂရန်များကို မရောထွေးသွားစေလိုပါ။ နှစ် ၃၀ တစ်ကြိမ် အသစ် လဲလှယ်ရခြင်း တူသော်ငြား in Perpetuity သည် ကာလ သတ်မှတ်ချက် မပါပါ။ ကျန်တစ်ခုကမူ Up to 90 Years (နှစ် ၉၀ အထိသာ) (ပထမ နှစ် ၃၀ ပြည့်က နောက်ထပ် နှစ် ၃၀ နှစ်ကြိမ်) အသစ် လဲလှယ်ခွင့်ပေးခြင်း ဖြစ်ပါသည်။

မော်လမြိုင်တွင် ပေးအပ်ခဲ့သော Year to Year Lease ကမူ တစ်နှစ် ကုန်တိုင်း ကုန်တိုင်း မြေငှားခ Rent သာ ပေးဆောင်၍ ဂရန်အသစ် ပြန်လဲခြင်း မပြုရဘဲ နှစ်ချင်းဆက် ခံစားခွင့်ရှိသော အငှားဂရန် ဖြစ်ပါသည်။ စည်းကမ်း မဖောက်ဖျက်ဘဲ အသုံးပြုနေပြီး မြေခွန် ပေးဆောင်နေသမျှ ဂရန် သက်တမ်းတိုးခြင်း၊ အသစ် လဲလှယ်ခြင်း ပြုရန် မလိုဘဲ နှစ်ချင်းဆက်၍ အသုံးပြုခွင့်ရသော မြေအငှားချထားခြင်း ဖြစ်ပါသည်။ Vested Land ဖြစ်သော Municipal Land များ၌ ချထားမှုနှင့် ဆင်တူပါသည်။

မော်လမြိုင်မြို့ရှိ မြေပိုင်ဆိုင်မှုစာရင်းများတွင် TLR ပြုစုပြီးနောက်ပိုင်း ပိုင်ဆိုင်ခွင့် ပြောင်းလဲမှု များကို LBTVL section 32 အရ မြေစာရင်းဌာန I.A Register တွင် ပြင်ဆင်ရေးသွင်း ထိန်းသိမ်းလာ ခဲ့ရရာ အဆိုပါ Y to Y Lease များအတွက်လည်း ပြောင်းလဲမှုများကို အထောက်အထားနှင့် လျှောက် ထားလာပါက ၁-က တွင် ပြင်ဆင်ပေးရပါသည်။ အဆိုပါ မြေချထားမှု အမျိုးအစားသည် ဂရန်အသစ် လဲလှယ် လျှောက်ထားရန် မလိုဘဲ အစဉ်အဆက် နှစ်ချင်းဆက်၍ ခံစားခွင့်ရှိမှုအရ ကော်လိပ်တော် ထံ ဂရန်သစ် လဲလှယ်ခြင်း၊ သက်တမ်းတိုး လျှောက်ထားခြင်းများ မပြုကြပါ။



mgyoe.com

mgyoe.com
SAMPLE BOOK


ထိုအခါ အဆိုပါ မြေများအပေါ် အကျိုးသက်ဆိုင်သူများအတွက် တရားရုံး စီရင်ချက်ဖြင့် အမွေ ခွဲဝေခြင်း အမိန့်ဒီကရီများအရလည်းကောင်း၊ စာချုပ်စာတမ်း မှတ်ပုံတင် ဥပဒေနှင့်အညီ အကျိုးခံစားခွင့် လွှဲပြောင်းပေးကမ်း ရောင်းဝယ်မှု မှတ်ပုံတင်စာချုပ်များအရလည်းကောင်း Transfer of Intrest in Lands များ၊ Mutation according to the Laws များကို LBTVL အက်ဥပဒေ ပုဒ်မ 29,30, 31, 32, 33, 34 တို့အရ ဆောင်ရွက်ရန် Scheduled Towns စာရင်းဝင် မော်လမြိုင်မြို့ အတွက် အခွင့်အပ်နှင်းထားသည့် ခရိုင်လယ်ဝန်မှ ၁-က မှတ်ပုံစာရင်းတွင် updating Entry အဖြစ် စိစစ် ပြင်ဆင်ခြင်းကို Y to Y မြေအငှားချထားခြင်းကို မြေစာရင်းက ပြုလုပ်နေသည်ဟု ထင်မြင်မိကြ ခြင်း ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၅)

## Y to Y Lease များ၏ ပြောင်းလဲမှု ရေးသွင်းခြင်းမှတ်တမ်း နမူနာ

ရှေ့တွင် တင်ပြခဲ့သော ဂရန်သစ် လဲလှယ်ရန်၊ သက်တမ်း တိုးရန် မလိုဘဲ နှစ်ချင်းဆက်၍ အကျိုး ခံစားခွင့် ပေးခဲ့သော Y to Y Lease (နှစ်ချင်းဆက် မြေငှားဂရန်) များသည် ၁၈၉၈ ခုနှစ် အောက် မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ မပြဋ္ဌာန်းမီကပင် မော်လမြိုင်ကဲ့သို့သော တနင်္သာရီ ကမ်းမြောင်ဒေသများတွင် ထုတ်ပေးခဲ့ပြီး 1898 Lower Burma Town and Village Lands Act ပြဋ္ဌာန်းပြီးနောက်ပိုင်း၌လည်း ဆက်လက် ထုတ်ပေးခဲ့ကြောင်း တွေ့ရပါသည်။ ၁၉၀၁ က ထုတ်ပေး ခဲ့သော L to L Lease များကို မော်လမြိုင်မြေစာရင်း 1.A Register တွင် တစ်ဖက်ပါအတိုင်း ဤသို့ တွေ့ရသည်။

တစ်ဖက်ပါ ကွင်း/အကွက် အမှတ် (၃၆) နှင့် အမှတ် (၃၈) ရှိ (၁-က) မှတ်ပုံစာရင်းများတွင် ရေးသွင်းထားသော Y to Y Lease ရရှိထားသည့် ဦးပိုင်များကို တွေ့ရပါမည်။ အသစ် လဲလှယ်ရန် မလိုသော၊ သက်တမ်းတိုး လျှောက်ရန် မလိုသော Y to Y မြေငှား tenure ၏ အဆင့်ဆင့် ပြောင်းလဲ လာမှုကို မည်သို့ မှတ်တမ်းတင်ထားရသည်ကို အဆိုပါ မှတ်ပုံစာရင်း (၁-က) မြေရာဇဝင်ကို ကြည့်ရှု သုံးသပ်စေလိုပါသည်။ ဦးပိုင် နှစ်ခုကို နမူနာ ကောက်နုတ်ပြပါမည်။


(၁) ကွင်း/အကွက်အမှတ် ၃၆၊ ဦးပိုင် ၃၃၊ Tenure (ပိုင်ဆိုင်ခွင့်) = L (အငှားဂရန်မြေ)

- ဦးပိုင် ၃၃ ၏ မူလ အမည်ပေါက်က အဗ္ဗဒူဟာကင် ဖြစ်သည်။ ၁၉၀၁ ခုနှစ်တွင် Y to Y Lease ကို အမှုအမှတ် ၃၆ (၂၆-၅-၁၉၀၁) အရ ရရှိခဲ့သည်။
- ၁၉၃၁ တွင် ယင်းဦးပိုင်ကို သိုနာနဲလာ မူသူးဘာဗေးက စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၅၈၀/(၁၆-၆-၃၁) ဖြင့် ဝယ်ယူခဲ့၍ စာချုပ်မှတ်ပုံတင်ရုံး၏ Memorandum အကြောင်းကြား ချက်အပေါ် မော်လမြိုင်ခရိုင်လယ်ဝန်၏ ရုံးအမိန့်စာ ၂၉၀/ဠ/(၁၂-၇-၃၄) အရ အမည် ပြောင်း ပြင်ဆင်မှတ်သားခဲ့သည်။



mgyoe.com

mgyoe.com SAMPLE BOOK



REGISTER OF HOLDINGS (Register I-A).

- ထို့နောက် မြေကို လက်ရောက်လွှဲပြောင်း ရရှိထားသူ ဒေါ်အုံး၊ မမြတ်စုဝါတို့၏ တင်ပြလျှောက်ထားချက်အရ မြို့/မြေ/မှုုးရုံး အမည်ပြောင်း အမှုတွဲ ၉၁/မသ-၃ (၉၇-၉၈) (၁၆-၁၂-၉၇) အရ အမည်ပြောင်း မှတ်သားသည်။


(၂) ကွင်း/အကွက်အမှတ် ၃၈ ၊ ဦးပိုင် ၁၃၊ Tenure (ပိုင်ဆိုင်ခွင့်) = L (အငှားဂရန်မြေ)

- ဦးပိုင် ၁၃ ၏ မူလ အမည်ပေါက်က အီဆွတ်ကာတင်ပတေး ဖြစ်သည်။ ၁၉၀၁ ခုနှစ်တွင် Y to Y Lease ကို အမှုအမှတ် ၃၃ (၂၆-၅-၁၉၀၁) အရ ရရှိခဲ့သည်။
- ထို့နောက် မရှာက အမွေဆက်ခံ ရရှိမှုအရ ၁၉၃၁ တွင် အမည်ပြောင်း မှတ်သားသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

Y to Y Lease များ၏ ပြောင်းလဲမှု ရေးသွင်းခြင်းမှတ်တမ်း နမူနာ



- ထို့နောက် မာရီယံဘီက စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် RD ၃၅၈/၁၉၅၂ ဖြင့် ဝယ်ယူထားမှုအရ ၁၉၅၂ မှစ၍ အဆိုပါ ဦးပိုင်၏ အမည်ပေါက်အဖြစ် မာရီယံဘီ စာရင်းပေါက်နေသည်။



mgyoe.com

mgyoe.com


တင်ပြလိုရင်းအချက်မှာ အခွင့်အာဏာ အပ်နှင်းမှုအလိုက် မြေစီမံခန့်ခွဲပိုင်ခွင့်ရှိသော အာဏာပိုင်များသည် ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မြေချထားပိုင်ခွင့် ရှိကြပါမည်။ အဆိုပါ ဥပဒေ ပြဋ္ဌာန်းချက်များတွင်ပင် ပြီးပြည့်စုံသော အချက်များ မပါခြင်းမျိုး ရှိတတ်ပါသည်။ ထိုအခါ ဥပဒေ၏ အောက်ခြေမှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ နောက်ဆက်တွဲ ညွှန်ကြားချက်များဖြင့် ယင်းဟာကွက်များကို ဖြည့်ဆည်း၍ မြေယာစီမံမှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖြစ်စေရန် ဆောင်ရွက်ကြပါသည်။ မြေယာမှတ်တမ်းများ ရေးသွင်း မှတ်တမ်းတင်၍ ပြုစုထိန်းသိမ်းရသော တာဝန်ကို ပေးအပ်ခံရသူများနှင့် ဆိုင်ရာဌာနများသည် မြေရာဇဝင်များ၊ Mutations များကို လက်ရှိအချိန်အထိ ဖြည့်သွင်းရန် တာဝန်ရှိသည့်အားလျော်စွာ မြေနှင့်ဆိုင်ရာ အကျိုးခံစားခွင့် လွှဲပြောင်းမှုများအတွက် စာချုပ်စာတမ်း မှတ်ပုံတင် ဥပဒေအရလည်းကောင်း၊ တရားရုံး၏ အမိန့်ဒီကရီများအရလည်းကောင်း ပြောင်းလဲချက် အကြောင်းကြားမှုများကို လိုက်နာပြင်ဆင်ပေးရန် လိုအပ်သည့်အခါ ဆိုင်ရာဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများအရ တာဝန်အပ်နှင်းမှုများနှင့်အညီ ဆောင်ရွက် မှတ်တမ်းတင်လာရခြင်းကို ဖော်ပြလိုရင်း ဖြစ်ပါသည်။ ဥပဒေ စကားရပ်များသည် အသေ မဟုတ်ပါ။

သို့ဖြစ်၍ Any land in Towns မြေပိုင်ဆိုင်မှုများ သတ်မှတ်ခွဲခြားခြင်း၊ အဆိုပါ ပိုင်ဆိုင်မှုစာရင်းကနေ၍ မြို့မြေယာစာရင်း သို့မဟုတ် မြို့မြေပိုင်ဆိုင်မှုစာရင်းဟု ခေါ်ဝေါ်သော Town Land Roll ကို ပြုစုခြင်း၊ ယင်း TLR စာရင်းကို ထိန်းသိမ်းခြင်း၊ ယင်းစာရင်းကို နေ့အထိ မှန်ကန်အောင် ထိန်းသိမ်း ဖြည့်သွင်းရန် စိစစ်ဆောင်ရွက်ရခြင်း၊ ယင်း TLR ကို ထိန်းသိမ်းရန် တာဝန်ပေးအပ်ခြင်းနှင့် TLR စာရင်းကို မည်သည့်စာရင်းဖြင့် အစားထိုး ရေးသွင်းပြုစုရခြင်း စသည်များကို သိရှိနားလည်မှသာ မြို့မြေအတွင်းရှိ ဦးပိုင်တစ်ခု၏ မြေရာဇဝင် အဆင့်ဆင့် ပြောင်းလဲမှုများကို အထက်ပါအတိုင်း (၁-က) မှတ်ပုံစာရင်း၌ မည်သည့်မြေအတွက်မဆို (In Town land, All Grants, All Lease, LHR, Freehold land, License, Squatter and Others) မှတ်သားပြင်ဆင် ပြောင်းလဲပေးရမှုကို သဘောပေါက်ပေလိမ့်မည်။

Roll of Land in town in Lower Burma အကြောင်း ရှင်းပြရာတွင် ပထမဦးစွာ မြေတိုင်းတာရရှိသော ဦးပိုင်များ၏ tenure (ပိုင်ဆိုင်ခွင့်) များကို စုံစမ်းစစ်ဆေးခြင်းမှသည် TLR သို့ ကူးယူ၊ ထိုမှသည် TLR အစား Land Record-2 (1.A) မှတ်ပုံစာရင်းသို့ ရေးသွင်းမှု လမ်းကြောင်းကို ဖော်ပြရပါသည်။ ထိုအခါ ပိုင်ဆိုင်မှု သတ်မှတ်ခြင်းနှင့် ထိုသတ်မှတ်ထားသော ပိုင်ဆိုင်ခွင့်များကို Tenure Enquire လုပ်ခြင်း မတူသည်ကို သတိပြုစေလိုသည်။ နားထွေးမသွားစေချင်ပါ။

## ပိုင်ဆိုင်ခွင့် သတ်မှတ်ခြင်းနှင့် ပိုင်ဆိုင်ခွင့် စုံစမ်းခြင်းလုပ်ငန်း မတူညီခြင်း

မြေပိုင်ဆိုင်မှုများကို မည်သည့်အခြေအနေများအရ ရရှိနိုင်သည်ကို အောက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေ၊ အထက်မြန်မာပြည် မြေနှင့်အခွန်တော် စည်းမျဉ်းဥပဒေ၊ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေတို့တွင် ပြဋ္ဌာန်း ဖော်ပြထားပြီး ဖြစ်သည့်အတိုင်း သက်ဆိုင်ရာ


mgyoe.com

mgyoe.com SAMPLE BOOK



# SECOND SETTLEMENT, 1923-26

# KATHA DISTRICT.

## CLASSIFIED AREA STATEMENT

Tonpaw KWIN No. 726+27

Katha TOWNSHIP. TRACT No. [illegible]

### Abstract–Occupied Area.

| No. of Soil Class. | Rice-land Symbols. C | P | H | Other land Symbols. Y | K | K N | G R | – |
|---|---|---|---|---|---|---|---|---|
| 1 | | | | | | | | |
| 2 | | | | | | | | |
| 3 | | | | | | | | |
| 4 | | | 51.12 ✓ | | | | | |
| 5 | 5.70 ✓ | | | | | | | |
| 6 | | | 29.80 ✓ | | | | | |
| 7 | | | | | | | | |
| – | | | | | | | 18.91 | |
| Grand Total | 5.74 ✓ | | 80.92 ✓ | | | | 13.91 | |

### Total Occupied Area.

| Symbol | Total. |
|---|---|
| C | 5.74 ✓ |
| P | |
| H | 80.92 ✓ |
| Y | |
| K | |
| K N | |
| G R | 13 91 |
| – | |
| Total, all kinds | 100.57 ✓ |

### Abstract—Other Area.

| | Acres. | Dec. |
|---|---|---|
| Village Sites .... .... | 24 | 66 |
| Religious land .... .... | 12 | 15 |
| Roads, Canals, etc. .... | 5 | 23 |
| Waste { Culturable .... | | |
| Waste { Unculturable .... | | |
| Grazing ground .... | | |
| Other land .... .... | 188 | [illegible] |
| Total—other Area .... | 240 | 68 |

### Abstract—Total Area.

| | Acres. | Dec. |
|---|---|---|
| Total of Occupied Area | 100 | 57 |
| Total of other Area .... | 240 | 68 |
| Total Area .... | 341 | 25 |

H. S. Batten




mgyoe.com

mgyoe.com


ဥပဒေအရ Title or Tenure Status များ၊ Of Rights in Land ရရှိကြပါမည်။ မြေတိုင်းတာ၍ ရရှိလာသော မြေကွက်များကို ဦးပိုင်ဖွဲ့စည်း၊ နယ်ခြားသတ်မှတ် ခွဲခြားပြီးနောက် ဦးပိုင်အမည်ပေါက်သူသည် မည်သည့် Tenure အမျိုးအစား ရရှိထားခြင်းကို စုံစမ်းစာရင်း ပြုစုခြင်းသည် Tenure Enquire ဖြစ်သည်။ အရာရှိက ပိုင်ဆိုင်မှု သတ်မှတ်ပေးခြင်း မဟုတ်ပါ။ ဆိုင်ရာ ဦးပိုင်၌ မည်သည့်ပိုင်ဆိုင်ခွင့် နည်းလမ်း ရရှိထားသည်ကို ကာယကံရှင်များ တင်ပြသော အထောက်အထားများကို အခြေပြု၍ အစိုးရမြေ၊ လက်ဝယ်ထားခွင့်ရမြေ၊ မြေပိုင်၊ အငှားဂရန်၊ လွှဲပြောင်းပေးအပ်၊ ကျူးကျော် စသည့် အမျိုးအစားအလိုက် ရေးမှတ်ရ၍ ပိုင်ဆိုင်ခွင့် Tenure မသတ်မှတ်ရသေးသော မြေကွက် ဖြစ်က Tenure Undetermined ဟု မှတ်ချက်ပြုရသည်။ ပိုင်ဆိုင်ခွင့်ပေးခြင်းနှင့် ပိုင်ဆိုင်ခွင့်ရပြီး အခြေအနေများကို စုံစမ်း စာရင်းပြုစုခြင်း မတူပါ။ (BLM para 808)

မြေပိုင်ဆိုင်မှုများကို ပထမဆုံး သတ်မှတ်ခြင်းသည် ကနဦး ကြေးတိုင်စိုက်စဉ် (When Original Settlement Operation is being) ၌ ကြေးတိုင်ဝန်၏တာဝန် ဖြစ်ပါသည်။ ကြေးတိုင်ဝန်သည်လည်း မိမိသဘောဖြင့် ပိုင်ဆိုင်မှုနည်းလမ်း မသတ်မှတ်ပါ။ မြေပေါ် အသုံးပြုထားမှု အခြေအနေ၊ မြေလက်ရှိထားခွင့် ရထားမှုများ၊ ပတ်ဝန်းကျင် တောင်သူနှင့် ကျေးရွာသမာဓိများ၏ သဘောထားမှတ်ချက်များ ရယူ သုံးသပ်ပြီးမှ ဆောင်ရွက် မှတ်တမ်းတင်ရပါသည်။

မြေပိုင်ဆိုင်မှု ခွဲခြားသတ်မှတ်ရန်အတွက် ပိုင်နက် နယ်နိမိတ် ပိုင်းခြားထားမှု (Boundaries demarcation) သည် အခြေခံ လိုအပ်ချက် ဖြစ်သည်။ ကြေးတိုင်စိုက်ရာတွင် မြေအမျိုးအစား ခွဲခြားခြင်းနှင့်အတူ မြေပိုင်ဆိုင်မှု ခွဲခြားခြင်းကိုပါ ဆောင်ရွက်နိုင်ရန် မြေတိုင်းတာ ပုံထုတ်မှု လိုအပ်သည်။ သို့အတွက် မူလကြေးတိုင် စိုက်စဉ်တွင် ကြေးတိုင်အဖွဲ့နှင့် မြေတိုင်းအဖွဲ့ (ထိုစဉ်က Survey of India) ပူးတွဲ ဆောင်ရွက်ပါသည်။ ကြေးတိုင်ဝန်က မူလ ကြေးတိုင်စိုက်ခြင်းလုပ်ငန်းတွင် ကွင်းဖွဲ့ မူလတိုင်းတာခြင်း (Original Survey) ကိုပါ တွဲဖက်တာဝန်ယူ ဆောင်ရွက်ရသည်။ တိုင်းတာရရှိသော အကွက်များ (Fields) ကို ဦးပိုင်နယ်နိမိတ်များ သတ်မှတ်ဖွဲ့စည်း မှတ်တမ်း ရယူ၍ မြေပိုင်ဆိုင်မှု





mgyoe.com

mgyoe.com


နယ်နိမိတ်များ၊ Tenure မြေပိုင်ဆိုင်မှု နည်းလမ်းများ စုံစမ်း ခွဲခြားခြင်းသည် ကြေးတိုင်စိုက်စဉ်၌ ကြေးတိုင်ဌာနခွဲ၏ လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ကြေးတိုက်စိုက်စဉ် ပိုင်ဆိုင်မှု သတ်မှတ်ခြင်းသည် ကနဦး ပိုင်ဆိုင်ခွင့် သတ်မှတ်ခြင်း ဖြစ်ရာ Tenure Enquire လုပ်ခြင်း မဟုတ်သဖြင့် TE ရေးဆွဲမပြုစုရပါ။ ဦးပိုင်မှတ်ပုံစာရင်း တိုက်ရိုက် ပြုလုပ်ပါသည်။ သို့သော် အဆိုပါ ကနဦး ကြေးတိုင်မြေပုံမူရင်းနှင့် Original 1.A Register + ဦးပိုင်ပြမြေပုံများကို ထပ်မံ ပြင်ဆင်ခြင်း မလုပ်ရတော့ဘဲ အမှုတွဲခန်းသို့ သိမ်းဆည်း အပ်နှံရပါသည်။

ကြေးတိုင်စိုက်ခြင်းသည် မြေခွန်စည်းကြပ်ခြင်းအတွက် အခြေခံ ဦးတည်ထားသဖြင့် ဦးပိုင်အမည်ပေါက် သို့မဟုတ် ထိုစဉ်မြေပေါ်ရှိ ယင်းဦးပိုင် အဝန်းအဝိုင်း၏ လက်ရှိဖြစ်သူ/လုပ်ကိုင်သူကို မြေခွန်ထမ်းရန် မူလတာဝန်ရှိသူအဖြစ် ဦးပိုင်စာရင်း၌ ထည့်သွင်းရပါသည်။ နောက်ဆက်တွဲ တိုင်းတာခြင်းများ ဆောင်ရွက်သည့်အခါနှင့် ပြင်ဆင် ကြေးတိုင်စိုက်ရာ၌မူ Demarcation Officer ဖြစ်သူ ခရိုင်လယ်ဝန်သည် ဦးပိုင် သတ်မှတ်ခြင်းနှင့် LBLR, UBLR , LBTVL ပြဋ္ဌာန်းချက်များနှင့်အညီ Rights on Land ရရှိထားမှုများကို ပိုင်ဆိုင်မှု စုံစမ်းခြင်းတို့ ပြုလုပ်ရသည်။ ဦးပိုင် သတ်မှတ်မြေပုံနှင့် ဦးပိုင်မှတ်ပုံစာရင်းများကို မြေစာရင်းဌာနက ပြုလုပ်ရပါသည်။

## Tenure Enqury of every single plot in any land of town to entry in TLR

မြို့ကွက်များကို မြေတိုင်းတာသည့်အခါ BO နှင့် DO များ ခန့်ထား တာဝန်ပေး၍ မြို့ကွက်အတွင်းရှိ မြေအားလုံးအတွက် မြေကွက်များအလိုက် ဦးပိုင်များ ခွဲခြား၍ နယ်သတ်မှတ်ခြင်း၊ ပိုင်ဆိုင်မှုနည်းလမ်း စုံစမ်းခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရကြောင်း၊ မြို့မြေအတွင်း မြေကွက်အားလုံးအတွက် ပိုင်ဆိုင်ခွင့်များ စုံစမ်းမှတ်တမ်းတင်ခြင်း (to tenure enqury every single plot in any land of town) ကို LVTVL Appendix II – Chapter 2 တွင် ဖော်ပြ သတ်မှတ်ထားသော various kinds of tenure နည်းလမ်းများအလိုက် ပိုင်ဆိုင်မှုဇယားတွင် ဖြည့်သွင်းရကြောင်း အထက်တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ တိုင်းတာရရှိသော မြေတိုင်းအကွက် တစ်ကွက်ချင်း (Block by Block) အလိုက် ဦးပိုင်လိုက် နယ်သတ်မှတ်မြေပုံအရ ဦးပိုင်တစ်ခုချင်း၏ မြေလက်ရှိထားသူတို့၏ မြေပိုင်ဆိုင်ခွင့် အမျိုးအစားများကို Tenure Enquire Table ၌ ရေးသွင်းပြီးနောက် အဆိုပါ ရေးသွင်းမှုကို Town Land Roll သို့ ရေးသွင်းရမည် ဖြစ်သည်။ LBTVL ပုဒ်မ ၂၈ အရ အောက်မြန်မာပြည် မြို့အသီးသီးအတွက် မြေလက်ရှိ ဖြစ်သူတို့၏ အမည် ရေးသွင်းထားသော မြို့မြေရာစာရင်း (မြို့မြေပိုင်ဆိုင်မှုစာရင်း) ဆောင်ရွက်ထားရပါမည်။

မြေပိုင်ဆိုင်ခွင့်များ စုံစမ်း မှတ်တမ်းတင်ခြင်း (Tenure Enquire) သည် မြေနယ်သတ် ဥပဒေအရ ဆောင်ရွက်ရသည့် လုပ်ငန်းရပ် ဖြစ်ပါသည်။ မြေတိုင်းတာသော မြေပုံရရှိမှ ဆောင်ရွက်ရန်နှင့် ဖြစ်နိုင်က မြေတိုင်းတာသော နှစ်မှာပင် တစ်ပါတည်း အပြီးအစီး ဆောင်ရွက်ရန် မြေစာရင်းလက်စွဲ ဥပဒေက ပြဆိုပါသည်။ မြေတိုင်းတာမှု မစမီ ကနဦး နယ်နိမိတ် သတ်မှတ်ခြင်းကို Demarcation Officer ဖြစ်သော မြေစာရင်းအရာရှိမှ ဆောင်ရွက်ရသည်။ ကနဦး နယ်သတ်ခြင်းတွင် ကွင်း/


mgyoe.com